EVERY FRIDAY

# မြစ်ကြီးနားသတင်း ဂျာနယ်

၂၀၀၄ မတ် ၂၉ တွင် စတင်ထုတ်ဝေသည်

အတွဲ (၅)၊ အမှတ် (၁၀)

"ကချင်ပြည်နယ်၏ ပထမဦးဆုံး လွတ်လပ်သော သတင်းစာ"

(မတ် ၁၆ - မတ် ၂၂၊ ၂၀၁၈)

## KBC သင်းလုံးကျွတ် ဓမ္မအစည်းအဝေးကို ပြည်တွင်း / ပြည်ပမှ ယုံကြည်သူ ငါးသောင်းကျော်ဖြင့် ကျင်းပမည်

စာ - ၄ သို့ »

## နမ္မတီးတွင် မိုင်းပေါက်ကွဲ၍ သေဆုံးသူနှစ်ဦး၏ အလောင်းများကို ပြန်လည်တူးဖော်စစ်ဆေးသွားမည်

စာ - ၃ သို့ »

## ဒေသခံများ၏ အခွင့်အရေးကို ဘောင်ကျော်လာသည့် ငှက်ပျောစိုက်ပျိုးရေး

စာ - ၆ သို့ »

## ကချင်အမျိုးသမီးအရေး လှုပ်ရှားသူများကို KSWN က ပထမဆုံးအကြိမ်အဖြစ် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်

စာ - ၅ သို့ »

## တတိယအကြိမ် ရပ်ကျေးအုပ်ချုပ်ရေးမှူး ရွေးကောက်ပွဲတွင် အုပ်ချုပ်ရေးမှူးအဟောင်း ၄၁ ဦး ပြန်လည်ပါဝင်နေ

စာ - ၇ သို့ »

## မြစ်ကြီးနားက ရက်လွန်ကုန် ပစ္စည်းများကို အမှိုက်ပုံတွင် မီးရှို့သလို အခြား မြို့နယ်များတွင်လည်း ထိုသို့ပြုလုပ်သွားမည်

စာ - ၁၁ သို့ »

# ဥပဒေရဲ့အထက်မှာ ဘယ်သူမှမရှိဘူးဆိုသော်လည်း


စာ - ၂ သို့ »

မိုင်းခေါင်ရွာတွင် သတ်ဖြတ်/မြေမြှုပ်ခံထားရသူနှစ်ဦးအနေရာများကို ပြန်လည်တူးဖော်နေစဉ်

## ဦးလဆန်အောင်ဝါကို အပင်များ မီးရှို့ဖျက်ဆီးမှုဖြင့် အောင်ရာယန်တွင် စိုက်ပျိုးရေးလုပ်သူက တရားရုံးတွင် တိုင်တန်း

စာ -၁၄ သို့ »

## လူမှုကွန်ရက်မှာ လူကြည့်အများဆုံးဖြစ်ခဲ့တဲ့ ပုံတွေရဲ့လက်ရာရှင်

စာ - ၈ သို့ »

MORNING STAR COMPUTER TRAINING CENTER

Available Course

ကွန်ပျူတာ ပြုပြင်
မိတ္တူ ကွန်ပျူတာ စာစီ/စာရိုက်
ဖိတ်စာအမျိုးမျိုး၊ လိပ်စာကဒ်
ပလတ်စတစ်ကဒ်လောင်း

CD/ DVD cover design
vinyl ဆိုင်းဘုတ်ဒီဇိုင်း နှင့်
ဘောက်ချာများကိုလည်း
လူကြီးမင်းတို့ စိတ်တိုင်းကျ
လုပ်ဆောင်ပေးနေပါသည်

- Microsoft Essential Course
- Adobe Photoshop
- Adobe InDesign
- Adobe Illustrator
- Sound Editing
- AutoCAD
- Programming
- Photoshop For Fashion Designer
- Advance Excel
- A+
- Networking
- Video Editing
- Web Design
- Data Base
- Book Keeping

ဝါရင့် ကျွမ်းကျင်ဆရာများ
ကိုယ်တိုင် ဦးစီး၍
လက်တွေ့သင်ခန်းစာများဖြင့်
သင်ကြားပို့ချပေးနေပြီ၊

Professional တစ်ဦးအဖြစ်
ရပ်တည်လိုသူများ၊
ရန်ကုန်၊ မန္တလေးသွားရန်မလို
မိမိနေရပ်တွင် သင်ကြားနိုင်ပြီ၊

contact address - DK (458), Duka Htawng, Myitkyina Ph: 09 - 420085928, 09 -258645302, 09-793761804, Email: morningstar2002@gmail.com

# နမ္မတီးတွင် မိုင်းပေါက်ကွဲ၍ သေဆုံးသူနှစ်ဦး၏ အလောင်းများကို ပြန်လည်တူးဖော်စစ်ဆေးသွားမည်


ဦးနော်လတ်


ဦးနော်ဘောက်

မတ် ၁၀

မိုးကောင်းမြို့နယ်၊ နမ္မတီးကျေးရွာအတွင်း မိုင်းပေါက်ကွဲကာသေဆုံးခဲ့သည့် ဒေသခံနှစ်ဦး၏ ရုပ်အလောင်းများအား ပြန်လည်ဖော်ထုတ်ကာ စစ်ဆေးခြင်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်း အမှုမှန်ပေါ်ပေါက်ရေးကော်မတီမှ ရရှိသည့် အချက်အလက်များအရ သိရသည်။

“ဘာကြောင့်ဒီနှစ်ယောက် ဆုံးသွားတယ်။ ဘယ်သူ့ကြောင့်ဆုံးသွားတယ် ဆိုတာကို သေသေချာချာသိဖို့နဲ့ အလောင်းကိုပြန်ဖော်ပြီးကောင်းကောင်းမွန်မွန် ပြန်ပြီးသင်္ဂြိုဟ်ပေးဖို့ စီစဉ်ထားတယ်”ဟု အမှုမှန်ပေါ်ပေါက်ရေးကော်မတီမှ တာဝန်ခံဦးဇော်ဂျတ်က ပြောသည်။

အဆိုပါ မိုင်းပေါက်ကွဲမှုကြောင့် သေဆုံးသွားသူနှစ်ဦးမှာ ဦးဖော်ကပ်နော်လတ်နှင့် ဦးလဘန်နော်ဘောက်တို့ ဖြစ်ပြီး ၎င်းတို့သည် ၂၀၁၇ ခုနှစ် ဩဂုတ်လ ၇ ရက်က လွယ်လီချောင်းတွင် ငါးဖမ်းရန် အိမ်မှ ထွက်သွားခဲ့ပြီး ဩဂုတ်လ ၉ ရက် နံနက်ပိုင်းတွင် နွန်နွယ်ရွာအကြားရှိလမ်းဘေး၌ မိုင်းပေါက်ကွဲဇော်ရာများဖြင့် ဝမ်းဗိုက်များပွင့်ထွက်ကာ သေဆုံးနေကြခြင်း ဖြစ်သည်။

မိုင်းပေါက်ကွဲမှုကြောင့် သေဆုံးသွားသည့် ၎င်းတို့နှစ်ဦး၏ ရုပ်အလောင်းများကို မိသားစုဝင်များထံ ပြန်လည်ပေးအပ်ခြင်းမရှိဘဲ တပ်မတော်က မြုပ်နှံပေးခဲ့ပြီး မိသားစုဝင်များကထိုမြုပ်နှံခဲ့သည့်နေရာ၌သာ ဆုတောင်းပွဲကို ပြုလုပ်ခွင့်ရရှိခဲ့ကြောင်း မိသားစုဝင်များ၏ ပြောကြားချက်အရ သိရသည်။

“တပ်မတော်ရဲ့ ထုတ်ပြန်ချက်အရ သူတို့က မိုင်းထောင်ရင်းနဲ့ ဆုံးသွားတယ်တဲ့။ ဒါ့အပြင် အလောင်းကို သင်္ဂြိုဟ်ခွင့်လည်း မရဘူး။ အလောင်းအနေအထား ဘယ်လိုဖြစ်တယ် ဘာဖြစ်လို့ဆုံးတယ် ဆိုတာကို ကြည့်ခွင့်လည်းမရှိဘူး”ဟု ဦးဇော်ဂျတ်က ပြောသည်။

အဆိုပါ ဖြစ်စဉ်များနှင့် ပတ်သက်၍ သေဆုံးသွားသူနှစ်ဦး၏မိသားစုဝင်များက အမှုမှန်ကို အမြန်ဆုံးစုံစမ်းဖော်ထုတ်ပေးရန်နှင့် ၎င်းတို့၏ရုပ်အလောင်းများအား ပြန်လည်တူးဖော်ကာ ကချင်ရိုးရာထုံးတမ်းများအရ ပြန်လည်သင်္ဂြိုဟ်ခွင့်ရနိုင်ရန် နေပြည်တော်ရှိ ပြည်သူ့ရေးရာကော်မတီသို့ စာတင်ခဲ့ကြောင်း သိရသည်။

“စာတင်ထားတဲ့ကိစ္စနဲ့ပတ်သက်ပြီး ဖေဖော်ဝါရီ ၁ ရက် နဲ့ ၂ ရက်မှာ မိုးကောင်းရဲစခန်းကတရားလို သက်သေအနေနဲ့ သက်ဆိုင်တာတွေ စစ်ဆေးမေးမြန်းတာ တစ်ပိုင်းတော့ ပြီးသွားပြီပေါ့။ ဒါပေမယ့် ဘယ်လိုပြန်ဆက်လုပ်မလဲဆိုတာ အထက်က ညွှန်ကြားချက်မရှိသေးဘူးပေါ့”ဟု ဦးဇော်ဂျတ်က ရှင်းပြပြောဆိုသည်။

ထိုအလောင်းများအားပြန်လည်ဖော်ထုတ်မည့်ရက်ကို မိုးကောင်းရဲစခန်းက သတ်မှတ်ပေးပြီးမှသာ မိမိတို့အနေဖြင့် သေချာတိကျသောရက်ကို ပြောဆိုနိုင်မည်ဖြစ်ကြောင်း ၎င်းက ထပ်မံ ပြောပြသည်။

မိသားစုဝင်များအနေဖြင့် သေဆုံးသူများ၏ ရုပ်အလောင်းကို ပြန်လည်မရရှိခြင်းနှင့်ပတ်သက်ပြီး ကျေနပ်မှုမရှိ၍ ယခုကဲ့သို့ ပြည်သူ့ရေးရာကော်မတီထံ စာတင်ခဲ့ခြင်းဖြစ်ကြောင်း ဩဂုတ်လက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောခဲ့ဖူးသည်။

“အလောင်းကိုလည်း သူတို့က ပြန်မပေးဘူး။ ပြန်မဖော်ခိုင်းဘူးဆိုတော့ ဘယ်လိုမှ မကျေနပ်ဘူး”ဟု ဦးလဘန်နော်ဘောက်၏ ယောက်ဖဖြစ်သူ မုန့်လုံးက ပြောသည်။

ထို့ကဲ့သို့ပင် ဦးဖော်ကပ်နော်လတ်၏ဇနီးကလည်း “စစ်တပ်ဘက်က သူတို့လုပ်တာမဟုတ်ဘူးဆိုရင်တော့ ကျွန်မအမျိုးသားရဲ့ ရုပ်အလောင်းကို ပြန်ပေးသင့်တယ်”ဟု မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောကြားခဲ့ဖူးသည်။

အဆိုပါ မိုင်းပေါက်ကွဲမှုကြောင့် သေဆုံးသွားသူနှစ်ဦးမှာ ကချင်လွတ်လပ်ရေးတပ်မတော်(KIA) တပ်ဖွဲ့ဝင်များဖြစ်သည်ဟု တပ်မတော်က သတင်းထုတ်ပြန်ထားခဲ့သည်။

“မြစ်ကြီးနား - တနိုင်း ကားလမ်းအနီး၌ KIA အကြမ်းဖက်သောင်းကျန်းသူနှစ်ဦး မိုင်းထောင်နေစဉ် မိုင်းပေါက်ကွဲသေဆုံး”ဟူသော ခေါင်းစဉ်ဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ လူမှုကွန်ရက်စာမျက်နှာတွင် ဩဂုတ်လ ၁၀ ရက် နံနက်က ရေးသားဖော်ပြခဲ့သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ ယင်းကဲ့သို့ပြောဆိုရေးသားထားသည့် အပေါ် မိသားစုဝင်များက ၎င်းတို့နှစ်ဦးစလုံးသည် ကေအိုင်အေတပ်ဖွဲ့ဝင်များ မဟုတ်သည့်အပြင် ကေအိုင်အေနှင့်ပတ်သက်မှုလည်းမရှိကြောင်း မြစ်ကြီးနားသတင်းဂျာနယ်သို့ ရှင်းလင်းပြောကြားခဲ့သည်။

“ကေအိုင်အေအဖွဲ့က မဟုတ်ပါဘူး။ ကျွန်မယောကျ်ားက ကျွန်မနဲ့ယူကတည်းက မီးသတ်မှာပဲ လုပ်ခဲ့တာပါ။ အခုချိန်ထိ အဲဒီကေအိုင်အေနဲ့ပတ်သက်တဲ့အလုပ်ကို ဘယ်အချိန်ကမှ မလုပ်ခဲ့ဘူး”ဟု ဦးဖော်ကပ်နော်လတ်၏ ဇနီးဖြစ်သူ ဒေါ်ဆိုင်းနန်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

ထို့ကဲ့သို့ပင် သေဆုံးခဲ့သည့် ဦးလဘန်နော်ဘောက်သည်လည်း ဆင်လုပ်ငန်းကိုသာလုပ်ကိုင်၍ မိသားစုအား ရှာဖွေကျွေးမွေးနေသူဖြစ်ကြောင်း ၎င်း၏ဇနီး ဒေါ်ဂျာလော့ဖ်က ပြောပြသည်။

၎င်းတို့နှစ်ဦး သေဆုံးမှုနှင့်ပတ်သက်၍ အမှုမှန်ပေါ်ပေါက်ရေးကော်မတီမှ တာဝန်ခံ ဦးဇော်ဂျတ်ကလည်း “ကေအိုင်အေ ဟုတ်မဟုတ်ဆိုတာ ရွာသားတွေရဲ့ပြောပြချက်အရနော်လတ်က မီးသတ်ပိုလ်၊ နော်ဘောက်ကလည်း ရိုးရိုးသားသား သူ့ဆင်နဲ့သူ့အလုပ်လုပ်ပြီး စားသောက်နေတဲ့လူ။ ကေအိုင်အေနဲ့ဆက်စပ်မှုတော့ လုံးဝမရှိနိုင်ဘူးလို့ယုံကြည်တယ်”ဟု ပြောသည်။

ယမန်နှစ်က မိုင်းခေါင်စစ်ရှောင်စခန်းမှ ဒေသခံသုံးဦး သေဆုံးသွားသည့်ကိစ္စရပ်နှင့် ပတ်သက်၍ အမှုမှန်ပေါ်ပေါက်လာသကဲ့သို့ ဦးနော်လတ်နှင့်ဦးဘောက်နော်တို့နှစ်ဦး သေဆုံးသွားမှုနှင့်ပတ်သက်၍လည်း တရားမျှတသည့် အမှုမှန် ပေါ်ပေါက်လာရန်လိုလားကြောင်း ဦးဇော်ဂျတ်က ထပ်မံပြောဆိုသည်။

“ဒါမျိုးကိစ္စက ဖြစ်လေ့ဖြစ်ထ ရှိတယ်။ အလီလီဖြစ်တယ်။ ဒါပေမယ့် ဒီတစ်ခေါက်လည်း မိုင်းခေါင်ကိစ္စကလို အမှုမှန်ပေါ်ပေါက်သွားတဲ့ပုံစံမျိုး လိုချင်တာပေါ့။ ဘယ်သူလုပ်တယ်ဆိုတာ တိတိကျကျဖော်ထုတ်ပြီး ထိထိရောက်ရောက် အရေးယူပေးဖို့ ကျွန်တော်တို့လိုချင်တယ်”ဟု ၎င်းက ပြောသည်။

သေဆုံးသွားခဲ့သူ ၂ ဦးသည် အသက် ၄၀ အရွယ်ခန့်ရှိကြပြီး ဦးဖော်ကပ်နော်လတ်တွင် ဇနီးနှင့် သားသမီး ၂ ဦး၊ ဦးလဘန်နော်ဘောက်တွင် ဇနီးနှင့်သားသမီး ၇ ဦးကျန်ရှိကာ ထိုသားသမီးများအားလုံးမှာ ကျောင်းနေအရွယ် ကလေးငယ်များဖြစ်သည်ဟု သိရသည်။

Salai

ရွှေကံ့ဆင့်
လစဉ်(၂)ရက်နေ့စမည်။
(သင်တန်းမစမီ ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။)
၁။ ယာဉ်မောင်း/စက်ပြင်(အထူး)သင်တန်း
၂။ ကျောက်စိမ်းကျောက်မျက်ရတနာ(အထူး)သင်တန်း
၃။ ရွှေ(အထူး) နှင့် စိန် (အထူး)သင်တန်း
၄။ တရုတ်/အင်္ဂလိပ် စကားပြော(အထူး)သင်တန်း
၅။ အိမ်ခြံမြေအကျိုးဆောင် ပညာ(အထူး)သင်တန်း
➤ သင်တန်းတစ်ခုစီအတွက် - သင်တန်းကြေး(၁)သိန်းဖြင့် သင်ယူနိုင်ပါပြီ။
ဆုံဝင်းရန် ➤ အမှတ်(၃၄၂)ကျွန်းဝင်သာရုပ်ရှင်ရုံအနောက်ဘက်ဆိုင်ဘေးလယ်ကုန်းရပ်ကွက်အင်း၊ မြစ်ကြီးနားမြို့။
ဖုန်း၊ ၀၉-၇၀၄၉၆၆၃၇၀ ၀၉-၇၀၄၉၆၆၃၇၁

AKZ GROUP
High Class
AIR-CON , AIR SUSPENSION
EXPRESS
မြစ်ကြီးနား ⇌ မိုးကောင်း ⇌ ဟိုပင် ⇌ မိုးညှင်း ⇌ ရန်ကုန် (တိုက်ရိုက်)



BRAND NEW
SCANIA [ 2+1 ] VIP
ရန်ကုန်မှ ညနေ (၅)နာရီ
မြစ်ကြီးနားမှ နေ့လည်(၁)နာရီ
နံနက်(၁၀)နာရီ ( 2+2)ကား ၊ နံနက်(၁၁)နာရီ VIP(1+1) ကားများအပြင်
အဲယားကွန်း၊လေအိတ် SCANIA MARCOPOLO ကားသစ်ကြီးများဖြင့် နေ့စဉ်ထပ်မံတိုးချဲ့ပြေးဆွဲနေပါပြီ။
မြစ်ကြီးနား - 0930242433, 09253186611,0949213323 ၊ ရန်ကုန် - 09420225777,09 420225888, 09793211170, 09793211180

မြစ်ကြီးနားသတင်းဂျာနယ်

**အမှုဆောင်အယ်ဒီတာချုပ်**
ဘရန်မိုင်၊ ဗေဒ်ခွန်း

**တာဝန်ခံ အယ်ဒီတာ**
ဆိုင်းမိုင်

**အယ်ဒီတာ**
ဗြိမ်းပြည့်စုံ

**သတင်းထောက်**
Salai၊ ညည်သူ၊ မွန်းမွန်းပန်၊ အက်စတာ၊ ဆိုင်းထွယ်ဇင်၊ ဆိုင်းလတ်အောင်၊ ဆန်လတ်၊ ကျော်ကျော်ဦး(စစ)

**နယ်သတင်းထောက်**
သန်းထွန်းအောင်၊ အောင်ခမ်း(ပူတာအို)

**စာပြင်**
ဇော်နိုင်ဦး

**ကွန်ပျူတာစာစီ**
ဝေဝေအောင်

**ဂရပ်ဖစ်ဒီဇိုင်း၊ သတင်းစာဒီဇိုင်း**
N-Hkai La Tawng၊ Shadau San Awng (L.B.Y)

**မြစ်ကြီးနားရုံးတာဝန်ခံ**
ခိုခိုထက်နိုင်

**မိုးညှင်းရုံးတာဝန်ခံ**
နန်ဂျာ

**စာရင်းကိုင်**
နန်အောင်၊ ဘောက်ဒွေးဂျာ

**စီးပွားရေးတာဝန်ခံ**
အိဖင်ဖြိုး၊ ဂျာခင်

**ဖြန့်ချိရေးတာဝန်ခံ**
ဇော်ထုံ

**တန်ဖိုး**
၅၀၀ ကျပ်

**ဖလင်**
KING

**ထုတ်ဝေသူ**
ဒေါ်ရွှေယင်
မှတ်ပုံတင်အမှတ်- ၀၀၀၀၉(မြ)

**ပုံနှိပ်တိုက်**
ရွှေကျား (၀၀၅၇၀)

**ဆက်သွယ်ရန်**
အမှတ်(၀၆၄)၊ အင်ဂျန်ဗုံတောင်၊ တပ်ကုန်းရပ်ကွက်၊ မြစ်ကြီးနားမြို့။
ဖုန်း - ၀၉ - ၂၅၉၀၇၇၄၀၅
၀၉ - ၂၅၆၄၆၀၂၇၄
၀၉ - ၄၂၀၀၁၅၉၂၈
myitkyinajournal@gmail.com
myitkyinanewsjournal@facebook.com

ဤပုံနှိပ်မှတ်တမ်းတွင် ဖော်ပြထားသူများသာ မြစ်ကြီးနားသတင်းဂျာနယ်၏ တာဝန်ရှိသူများဖြစ်သည်။ မြစ်ကြီးနားသတင်းဂျာနယ်တွင် ဖော်ပြပါရှိသော သတင်းများအတွက် ငွေကြေးတောင်းဆိုလျှင်သော်လည်းကောင်း၊ ထိန်းလက်ဆောင်တောင်းလျှင်သော်လည်းကောင်း၊ လက်ခံရလျှင်ဖြစ်စေ ဤမှတ်တမ်းပါ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ခွင့်မပြုပါ။ မြစ်ကြီးနားသတင်းဂျာနယ် ရုပ်ထိုးတပ်ဆင်ထားသူများသာ မြစ်ကြီးနားသတင်းဂျာနယ် သတင်းထောက်ဖြစ်ပါသည်။

# KBC သင်းလုံးကျွတ်ဓမ္မအစည်းအဝေးကို ပြည်တွင်း / ပြည်ပမှ ယုံကြည်သူ ငါးသောင်းကျော်ဖြင့် ကျင်းပမည်



မတ် ၉

ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်(KBC)၏ ၇၈ ကြိမ်မြောက် သင်းလုံးကျွတ်ဓမ္မအစည်းအဝေးကို ပြည်တွင်း/ပြည်ပမှ ယုံကြည်သူ ၅ သောင်းကျော်နှင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သင်းလုံးကျွတ် ဓမ္မအစည်းအဝေးကို ဝိုင်းမော်မြို့နယ်၊ မုတ်ကျိတ်ကျေးရွာရှိ ဝိုင်းမော်ကျမ်းစာသင်ကျောင်းတွင် ယခုလ ၂၂ရက်မှ ၂၅ရက် အထိ လေးရက်ကြာ ကျင်းပမည်ဖြစ်ပြီး ထိုအစည်းအဝေးသို့ ယုံကြည်သူ ၅ သောင်းကျော်ခန့် တက်ရောက်မည်ဖြစ်ကြောင်း ပွဲဖြစ်မြောက်ရေး ကော်မတီမှ ဥက္ကဋ္ဌ သင်းအုပ်ဆရာဦးခန်ဒါ ဘရန်ရှောင်က ပြောသည်။

"ဒီအစည်းအဝေးမှာ အသင်းသားတွေအားလုံး သာသနာလုပ်ငန်းကို ဝိုင်းဆွေးနွေးကြမယ်၊ ဆုံးဖြတ်ကြမယ် အရင်ကလုပ်ခဲ့ကြတဲ့ လုပ်ငန်းအကြောင်းတွေကို တင်ပြကြမယ်။ ရှေ့ဆက်မယ့် လေးနှစ်သာသနာလုပ်ငန်းကိုတွေကို အားလုံး ဆွေးနွေးကြမယ်"ဟု ဦးခန်ဒါဘရန်ရှောင်က ရှင်းပြသည်။

ထို့အပြင် လာမည့်လေးနှစ်တာကာလအတွင်း သာသနာလုပ်ငန်းများအား ဦးဆောင်မည့် ခေါင်းဆောင်များကို အသင်းသားများနှင့်အတူ ရွေးချယ်တင်မြှောက်သွားမည်ဟုလည်း သင်းအုပ်ဆရာ ဦးခန်ဒါဘရန်ရှောင်၏ ပြောကြားချက်အရ သိရသည်။

KBC အဖွဲ့ချုပ်၏ သင်းလုံးကျွတ် ဓမ္မအစည်းအဝေးကို လေးနှစ်တစ်ကြိမ် ကျင်းပလေ့ရှိပြီး ယခု အစည်းအဝေး ဖြစ်မြောက်ရန်လွန်ခဲ့သည့်တစ်နှစ်ကျော်ကတည်းက စီစဉ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

သင်းလုံးကျွတ် ဓမ္မအစည်းအဝေးတွင် မနောင်အက ကခြင်း၊ Installation Art (တပ်ဆင်မှုအနုပညာ) ပြသခြင်း၊ စစ်ရှောင်များနှင့် ဘိန်းခင်းများ ဖျက်ဆီးနေသည့် ဓါတ်ပုံများ၊ စင်တင်တေးဂီတဖျော်ဖြေမှုများအပြင် ဆုတောင်းခြင်းနှင့် ဝတ်ပြုကိုးကွယ်ခြင်းများကိုလည်း ထည့်သွင်းပြုလုပ်သွားမည်ဖြစ်ကြောင်း ပွဲဖြစ်မြောက်ရေးကော်မတီမှ ဒုတိယအတွင်းရေးမှူး သင်းအုပ်ဆရာ ဦးလဂန်ဇခေါင်က ပြောသည်။

"အစည်းအဝေးပွဲမှာ ကချင်ပြည်နယ်က တက်သစ်စလူငယ် ဓာတ်ပုံဆရာတွေရဲ့ ဓာတ်ပုံတွေကိုလည်းပြသသွားမယ်။ ပြမယ့်လူတွေရဲ့ စာရင်းတော့ အတိအကျမရသေးဘူး"ဟု ပွဲအတွင်း အနုပညာကဏ္ဍများကိုတင်ဆက်ရန် တာဝန်ယူထားသည့် ကိုဇက်ခေါင်ဂျိုး(ခ) ကိုဇက်က ပြောပြသည်။

အစည်းအဝေးသို့ တက်ရောက်ရန် အထူးဖိတ်ကြားထားသည့် သာသနာနယ်၊ နိုင်ငံခြားမှ ဧည့်သည်များ၊ ဓမ္မ အမှုတော်ဆောင်များ စုစုပေါင်း ၀ သောင်းကျော်ခန့်ကို အစည်းအဝေးပြုလုပ်သည့် ကျမ်းစာကျောင်းဝင်း နေထိုင်ခွင့်အပြင် အစားအသောက်များကို ကျွေးမွေးဧည့်ခံခြင်းများ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"အထူးဖိတ်ထားတဲ့ ဧည့်သည်တွေကိုတော့ နေဖို့ စားဖို့ စီစဉ်ပေးမယ်။ ကိုယ့်အစီအစဉ်နဲ့ကိုယ် လာတဲ့သူတွေကိုတော့ အဲလိုတွေ မစီစဉ်ပေးဘူး။ ဒါပေမယ့် သူတို့အတွက် အစားသောက်တွေကိုတော့ ကျောင်းဝင်းထဲမှာ ဈေးနှုန်းသက်သာစွာနဲ့ ရောင်းပေးသွားမယ်"ဟု သင်းအုပ်ဆရာ ဦးခန်ဒါဘရန်ရှောင်က ပြောသည်။

အဆိုပါ KBC သင်းလုံးကျွတ် ဓမ္မအစည်းအဝေးတွင် နံနက်ပိုင်း၌ ကျမ်းစာသင်ခြင်း၊ ဝတ်ပြုကိုးကွယ်ခြင်းများ ပြုလုပ်သွားမည်ဖြစ်ပြီး ညနေပိုင်းတွင်မူ သာသနာလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် ကောဘီစီတွင် ဓမ္မအမှုဆောင်မည့် ခေါင်းဆောင်သစ်များကို ရွေးချယ်တင်မြှောက်ခြင်း၊ ကေဘီစီ၏ သမိုင်းဝင်ပြခန်းများ၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးပြခန်းများ၊ မူးယစ်ဆေးဝါး ပိတ်ပင်တားဆီးရေးအဖွဲ့၏ လှုပ်ရှားဆောင်ရွက်မှု ပြခန်းများကို ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

"ပွဲမှာ မနောင်အက ကပြရတဲ့ ရည်ရွယ်ချက်ကတော့ ကချင်လူမျိုးတွေကို ဘုရားသခင်က ထူးခြားတဲ့ ယဉ်ကျေးမှုပေးထားတယ်။ အဲဒါကို အားလုံးချီးမွမ်းကြတာပေါ့။ ခွန်အားတစ်ခါ ပြန်ယူတာပေါ့။ လုံလဝီရိယစွမ်းအားကို တစ်ခါ ပြန်မြှင့်တင်ဖို့ ဘုရားသခင်ဆီမှာတောင်းတဲ့ မနောင်ပွဲလို့လည်း ပြောလို့ရတယ်"ဟု ဦးခန်ဒါဘရန်ရှောင်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

အဆိုပါ အစည်းအဝေးသို့ မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံများရှိ ခရစ်ယာန်နှစ်ခြင်းဇုံနယ် ၁၅နယ်မှ ယုံကြည်သူအသင်းသားများ ပါဝင်တက်ရောက်ကြမည်ဖြစ်ပြီး ထိုတက်ရောက်လာကြသည့် အသင်းသားများက အခြားနိုင်ငံများတွင်လည်း နှစ်ခြင်းဇုံနယ်တစ်ခုအသိအမှတ်ပြုတိုးချဲ့ပေးရန် တောင်းဆိုသွားကြမည်ဟု သိရသည်။

ပြီးခဲ့သည့် ၄ နှစ်က ပြုလုပ်ခဲ့သည့် KBC သင်းလုံးကျွတ် ဓမ္မအစည်းအဝေးသို့ အသင်းသား ၇ သောင်းကျော် တက်ရောက်ခဲ့ကြသည်။

ဆန်လတ်








# ကချင်အမျိုးသမီးအရေးလှုပ်ရှားသူများကို KSWN က ပထမဆုံးအကြိမ်အဖြစ် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်




မတ် ၁၃

အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့တွင် ကချင်ပြည်နယ်အတွင်းရှိ အမျိုးသမီးအရေး တက်ကြွလှုပ်ရှားသူများအား ကချင်ပြည်နယ် အမျိုးသမီးများကွန်ရက် (KSWN) က ဂုဏ်ပြုမှတ်တမ်းလွှာများကို ပထမဦးဆုံးအကြိမ်အဖြစ် ပေးအပ်ချီးမြှင့်ခဲ့သည်။

ကချင်ပြည်နယ်အတွင်းရှိ အမျိုးသမီးများ ဆုံးရှုံးနေရသည့် အခွင့်အရေးများ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ငြိမ်းချမ်းရေးအတွက် ဦးဆောင်နေသူအမျိုးသမီးများအပြင် ထူးချွန်သူ အမျိုးသမီး ၀၃ ဦးကိုပေးအပ်ခဲ့ခြင်း ဖြစ်သည်။

“ဒီပြည်နယ်က တက်ကြွလှုပ်ရှားသူတွေ၊ စွမ်းရည်မြင့်တဲ့ အမျိုးသမီးတွေကို ဂုဏ်ပြုတာ မရှိသေးဘူးလေ။ ကျန်တဲ့ အမျိုးသမီးတွေလည်း ဒါကို ကြည့်ခြင်းအားဖြင့် ပိုပြီးပူးပေါင်းပါဝင်လာအောင်၊ အမျိုးသမီးခေါင်းဆောင်တွေ ပေါ်ပေါက်လာအောင် လုပ်ပေးတာပါ”ဟု ကချင်ပြည်နယ်အမျိုးသမီးများကွန်ရက် (KSWN) မှညှိနှိုင်းရေးမှူး မဆောင်ဝင်းက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

ယင်းအမျိုးသမီးများမှာ ၀၀ ကြိမ်မြောက် Yangon Photo Festival မှ ဓါတ်ပုံပညာရှင်အဆင့် ပထမဆုရရှိခဲ့သည့် မြစ်ကြီးနားသတင်းဂျာနယ် အယ်ဒီတာချုပ် မဆိုင်းမိုင်၊ အမေရိကန်သံရုံးမှ ၂၀၀၆ ခုနှစ်၏ Women of Change ဆုရရှိခဲ့သည့် မလမိုင်ခေါန်မိုင်၊ နိုင်ငံတကာသတင်း အေဂျင်စီများတွင် မြန်မာနိုင်ငံ၏ ပါလီမန်ဆိုင်ရာ ရွေးကောက်ပွဲသတင်းများကို လုပ်ဆောင်နေသည့် Pulitzer Prize in Public Service ဆုရှင် မအက်စတာထုဆန်၊ European Union Grants Schuman Award ရရှိခဲ့သည့် ဆရာမကြီး လဗော်ဂျာနန်တို့ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် စေ့စပ်ညှိနှိုင်းပြီး Dialogue Platforms ဖြစ်လာရန် လုပ်ဆောင်ခဲ့သည့် ငြိမ်းဖောင်ဒေးရှင်း လက်ထောက်ဒါရိုက်တာ မဇခုန်နန်ရော်၊ ကချင်ပြည်နယ်အတွင်းလူမှုရေးနှင့် အမျိုးသမီးတန်းတူညီမျှမှုနှင့် တရားဥပဒေစိုးမိုးရေးများကို တက်ကြွလှုပ်ရှားသည့် လင်းလက် (HTOI) လူမှုအဖွဲ့အစည်း၏ ဒါရိုက်တာ ဒေါ်နန်ပူ၊ ပြည်ပရောက် မြန်မာနိုင်ငံသားများ ချီးမြှင့်သည့် Citizen Burma Award ဆုရှင် မရန်ဆုမိုင်၊ လူသားချင်းစာနာထောက်ထားသည့်လုပ်ငန်းများတွင် တက်ကြွလှုပ်ရှားသည့် ဒေါ်မေရီတော်မ်၊ Women Organization Network(WNO)မှ ပေးအပ်ချီးမြှင့်သည့် Women of Justic ဆုရှင် မလဘန်ခေါန်ဂျာတို့လည်း ထိုဆုကို ရရှိခဲ့သည်။

ထို့ကဲ့သို့ပင် တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုလက်လှမ်းမှီရေး ဖော်ဆောင်နေသော တရားလွှတ်တော်ရှေ့နေ ဒေါ်အင်ဘရန်ဖွဲ့ဘူ၊ Gender Equility လုပ်ဆောင်နေသည့်အဖွဲ့(၀၃၀) ပူးပေါင်းဖွဲ့စည်းထားသည့် Gender Equality Network(GEN) ဒါရိုက်တာ မမေစံပယ်ဖြူ၊ မြန်မာနိုင်ငံ၏ NGO အဖွဲ့အစည်းများတွင် ငြိမ်းချမ်းရေးနှင့်အောင်မြင်ဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်ကိုင်နေသည့် ဒေါ်လဖိုင်ဆိုင်းရော်နှင့် ၁၉၉၉ ခုနှစ်က ကချင်ပြည်နယ် အမျိုးသမီးများအစည်းအရုံး ထိုင်းနိုင်ငံ (Kachin Women Association Thailand)အား တည်ထောင်ခဲ့သည့် ဒေါ်တန်ဘောင်နန့်ဘောက်တို့သည်လည်း KSWN က ပေးအပ်သည့် ဂုဏ်ပြုမှတ်တမ်းများရရှိခဲ့ကြောင်း သိရသည်။

ယင်းကဲ့သို့ ထူးချွန်ပြီး တက်ကြွလှုပ်ရှားသည့် ကချင်ပြည်နယ်မှ အမျိုးသမီးအား နောင်နှစ်များတွင်လည်း ယခုကဲ့သို့ ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သွားရန် စီစဉ်ထားသည်ဟု သိရသည်။

မတ်လ ၈ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ကို မြစ်ကြီးနားမြို့ရှိ မြို့တော်ခန်းမတွင်ကျင်းပခဲ့ပြီး ထိုအခမ်းအနားသို့ ကချင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က တက်ရောက်မိန့်ခွန်းပြောကြားခဲ့ကာ ကုလသမဂ္ဂမှပေးပို့သည့် သဝဏ်လွှာကို လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်က ဖတ်ကြားခဲ့သည်။

စည်သူ (မြစ်ကြီးနား)

**အတွဲ ၅၊ အမှတ် ၇ တွင် ပါရှိခဲ့သည့် “ရပ်ကွက်အုပ်ချုပ်ရေးမှူး ရွေးချယ်ရာတွင် ကျေနပ်မှုမရှိပါက မြို့နယ်အုပ်ချုပ်ရေးမှူးထံ တိုင်ကြားနိုင်”ဆိုသော ခေါင်းစဉ်ဖြင့် ရေးသားခဲ့သည့်သတင်းပါ အသုံးအနှုန်းကြောင့် မြစ်ကြီးနားမြို့ အေးစေတီရပ်ကွက်မှ ဒေါ် ဖြိုးသီတာ၏ဂုဏ်သိက္ခာ ထိခိုက်ကျဆင်းသွားခဲ့ရသည့်အတွက် မြစ်ကြီးနားသတင်းဂျာနယ်မှ အနူးအညွတ်တောင်းပန်အပ်ပါသည်။**

# Editorial
## အယ်ဒီတာ့အာဘော်

## အန္တရာယ်နဲ့ နေ့စဉ်ရင်ဆိုင်နေရသော ဘဝများ

မြစ်ကြီးနားမြို့ပေါ်က လမ်းမကြီးတွေဟာ နောက်တက်မယ့် အစိုးရသက်တမ်း နှစ်ခုစာလောက်အထိ လှည့်ကြည့်စရာမလိုလောက်အောင် ထူထဲကောင်းမွန်လာတာ ဝမ်းသာစရာပါပဲ။ အရင်ခေတ်တုန်းကလို လမ်းပြင်နေသည်ဆိုင်းဘုတ်ထောင်ပြီး ထော်လာဂျီတစ်စီးလောက်နဲ့ လမ်းအပေါက်တွေလိုက်ဖာတဲ့ ပုံစံမျိုးမဟုတ်ဘဲ တစ်ပေလောက်မြင့်တဲ့ ထပ်ပိုးလွှာတွေအပေါ်မှာ နိုင်လွန်ကတ္တရာတွေကိုခင်း၊ ယာဉ်ကြောတွေသတ်မှတ်၊ လူကူးမျဉ်းကြားတွေဆွဲ၊ ရေနုတ်မြောင်းတွေတူးပြီး ယာဉ်ရပ်နားရန် နေရာတွေနဲ့ တကယ့်ကို စနစ်ကျလှပါတယ်။

ဒါပေမယ့် ခက်နေတာက အဲဒီလမ်းတွေကို အသုံးပြုသွားလာနေကြသူတွေရဲ့ စည်းကမ်းပိုင်း အားနည်းမှုပါ။ တာဝန်ရှိသူများက ယာဉ်ကြောတွေ သတ်မှတ်ပေးထားပေမယ့်လည်း သတ်မှတ်တဲ့ယာဉ်ကြောအတိုင်း မသွားတတ်၊ မရပ်တတ်တာတွေ၊ ဦးစားပေးယာဉ်ကြောကို နားမလည်သေးတာတွေ၊ ယာဉ်မောင်းသူတိုင်းမှာရှိအပ်တဲ့ သည်းခံစိတ် မရှိတာတွေ၊ လမ်းကြားတွေထဲက ထွက်လာရင်လည်း ဘေးဘီမကြည့်ဘဲ ထွက်လာတာတွေ. . . အစရှိတဲ့ စည်းကမ်းမဲ့သွားလာမှုတွေက ပြည်သူတွေရဲ့ နေ့စဉ်ဘဝကို ခြိမ်းခြောက်နေပါတယ်။

အဲဒီလို စည်းကမ်းမဲ့မောင်းနှင်သွားလာမှုတွေကြောင့်မြန်မာနိုင်ငံဟာ အရှေ့တောင်အာရှ ၁၀ နိုင်ငံထဲမှာ ယာဉ်မတော်တဆနဲ့သေဆုံးသူ ဒုတိယအများဆုံးနိုင်ငံဖြစ်နေတာပါ။ WHO ရဲ့ အစီရင်ခံစာအရ မြန်မာနိုင်ငံမှာ ယာဉ်မတော်တဆမှုကြောင့် တစ်နေ့ကို လူ ၁၀ ယောက်နှုန်း သေဆုံးနေတယ်လို့ ဆိုပါတယ်။

စည်းကမ်းထိန်းသိမ်းတဲ့ ယာဉ်ထိန်းတပ်ဖွဲ့ကတော့ စည်းကမ်းမလိုက်နာတဲ့ယာဉ်တွေကို လာမယ့်ဧပြီကစပြီး တရားရုံးတင်အရေးယူတော့မယ်လို့ တပ်လှန့်ပြီး ရှောင်တခင်စစ်ဆေးမှုတွေကိုနေ့တိုင်းလိုလိုလုပ်ပါတယ်။ သူတို့ကလည်း ဆိုင်ကယ်စီးဦးထုပ်မဆောင်းတာလောက်ကိုပဲ ဖဏ်ရိုက်-ပြန်လွှတ်ဆိုတော့ သူတို့ရဲ့ ပိုင်ဆိုင်မှုတွေသာ တိုးပွားလာပြီး ပြည်သူရဲ့ ယာဉ်စည်းကမ်းနားလည်မှုက တက်မလာခဲ့ပါဘူး။ ပညာပေးတယ်ဆိုတဲ့ အပိုင်းရှိပေမယ့် ဖဏ်ရိုက်ပြန်လွှတ်လိုက်တဲ့ အရေအတွက်လောက် မများလှပါဘူး။

ပြည်သူတွေအနေနဲ့တော့ ယာဉ်စည်းကမ်းနဲ့ပတ်သက်လို့ အစိုးရရဲ့အကူအညီမပါဘဲ ကိုယ်တိုင်သိရှိ နားလည်အောင် ဘယ်သူမှ ကြိုးပမ်းကြမှာ မဟုတ်ပါဘူး။ ယာဉ်မောင်းလိုင်စင်လျှောက်ပြီး ဖြေခါနီးမှ ကညနက ရောင်းပေးတဲ့ စာအုပ်ကိုဖတ်ပြီး လမ်းပေါ်က သင်္ကေတတွေ၊ စည်းကမ်းတွေကို သိကြရတာပါ။ ဒါပေမယ့်လည်း ယာဉ်မောင်းလိုင်စင်လျှောက်တဲ့သူက များလှတာမဟုတ်ပါဘူး။

ယာဉ်ထိန်းက ရုံဖန်ရံခါဆိုသလို ယာဉ်မောင်းလိုင်စင် စစ်ပြီးကညနရုံးရောက်အောင် တွန်းပို့နေပေမယ့်လည်း လိုင်စင်လျှောက်ထားတဲ့သူက မျှော်လင့်သလောက် အရေအတွက်မများခဲ့ပြန်ဘူး။ ယာဉ်မောင်းလိုင်စင်မရှိသူ များပြားနေခြင်းဟာ ယာဉ်စည်းကမ်းမသိသူ များနေခြင်းသာဖြစ်တယ်လို့ သုံးသပ်ရမှာဖြစ်ပါတယ်။

အမှန်ဆိုပြည်သူတွေအနေနဲ့ မိမိတို့နေ့စဉ်သွားလာနေရတဲ့ လမ်းပေါ်ကစည်းကမ်းတွေကို သိရှိအောင် ကြိုးစားပြီး အများနည်းတူလိုက်နာလုပ်ဆောင်နိုင်ရင် ယာဉ်အန္တရာယ်ဖြစ်စေမယ့် အကြောင်းအရင်း တော်တော်များများကို လျှော့ချနိုင်မှာပါ။

အများပြည်သူ တစ်ပြေးညီလိုက်နာအောင် ရေးဆွဲပြဋ္ဌာန်းထားတဲ့ ဥပဒေတွေက လိုက်နာသူတစ်ဝက်၊ မလိုက်နာသူတစ်ဝက်ဖြစ်နေတဲ့အခါ မလိုက်နာမှုရဲ့နောက်က ဆိုးကျိုးတွေကို ပြည်သူတွေပဲ ခံစားနေကြရတာဖြစ်လို့ တစ်စထက်တစ်စ ပိုမိုဖွံ့ထွားလာနေတဲ့ မြို့ပြရဲ့လမ်းပေါ်က စည်းကမ်းတွေကို သိအောင်မကြိုးစားဘဲ ဒီအတိုင်းဆက်သွားရင် မိမိရော သူတစ်ပါးပါ တစ်နေ့မဟုတ်တစ်နေ့ ယာဉ်အန္တရာယ်နဲ့ကြုံတွေ့ရနိုင်တာကို သတိပြုစေလိုရင်း ဖြစ်ပါတယ်။

မြစ်ကြီးနားသတင်းဂျာနယ်

# အနုပညာပိုးတဘက်အဖွဲ့က စစ်ရှောင်ကျောင်းသားများအတွက် နွေရာသီအခမဲ့ အင်္ဂလိပ်စာသင်ကြားပေးမည်







မတ် ၁၄

အနုပညာ ပိုးတဘက် (Shingni Nbat) အဖွဲ့က စစ်ရှောင်စခန်းများမှကျောင်းသူ/သားများအတွက် နွေရာသီကျောင်းပိတ်ရက်တွင် အင်္ဂလိပ်စာအခမဲ့သင်ကြားပေးရန်ကျောင်းတစ်ကျောင်း ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ထိုအင်္ဂလိပ်စာ အခမဲ့သင်ကြားပေးမည့်ကျောင်းကို ဝိုင်းမော်မြို့နယ်ရှိ မိုင်းနားကျေးရွာတွင် ဖွင့်လှစ်ထားပြီးစစ်ရှောင်စခန်းတစ်ခုလျှင် ကျောင်းသား/သူ ၇ ဦးစီ ရွေးချယ်ကာ သင်ကြားပေးသွားမည်ဖြစ်ကြောင်း အနုပညာပိုးတဘက် (Shingni Nbat)အဖွဲ့မှ ဥက္ကဋ္ဌ ဒေါ်နန်ပရီက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"တကယ်လည်း စာကြိုးစားပြီး လိမ်မာတဲ့ ကလေးတွေကို ဆွဲထုတ်လိုက်ပြီးမှ မဲနှိုက်ခိုင်းတယ်။ Camp တစ်ခုကနေ ကျောင်းသား ၇ ယောက်စီကို ရွေးချယ်ပြီး နွေရာသီ ၃ လကို အင်္ဂလိပ်စာ Speaking နဲ့ Grammer သင်ကြားပေးမယ်' ဟု ဒေါ်နန်ပရီက ပြောသည်။

ထိုသို့ အခမဲ့အင်္ဂလိပ်စာသင်တန်းကျောင်းဖွင့်လှစ်ခြင်းသည် အနုပညာပိုးတဘက် (shingni nbat) အဖွဲ့အတွက် ပထမဆုံးအကြိမ်ဖြစ်ပြီး သင်တန်းကာလကိုမတ်လ ၁၄ ရက်မှစတင်မည်ဖြစ်ကြောင်း သိရသည်။

သင်တန်းတက်ရောက်ရန် စစ်ရှောင်စခန်း ၇ ခုမှ ကျောင်းသား/သူ ၄၀ ဦးခန့်ကိုရွေးချယ်ထားပြီး ၎င်းတို့ကို သင်တန်းဆရာ/မ ၃ ဦးဖြင့် အစိုးရကျောင်းများ မဖွင့်မီအချိန်ထိ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရသည့် စစ်ရှောင်ကလေးများမှာ ဝိုင်းမော်မြို့နယ်နှင့် မြစ်ကြီးနားမြို့နယ်မှ ကလေးငယ်များဖြစ်ကြောင်း သိရသည်။

အခမဲ့အင်္ဂလိပ်စာ သင်တန်းကျောင်း တက်ရောက်ရန် တတိယတန်းနှင့် စတုတ္ထတန်းဖြေဆိုပြီးသူများကို ရွေးချယ်ခြင်းဖြစ်ပြီး ယခုနှစ်မှ စတင်ကာ သင်တန်းတက်ရောက်ခွင့်ရရှိသည့် ကလေးများကို တက္ကသိုလ်ဝင်တန်း ပြီးဆုံးသည်အထိ တာဝန်ယူသင်ကြားပေးသွားမည်ဟု ဒေါ်နန်ပရီက ပြောသည်။

"ပညာတတ်မှ စိတ်ဓာတ်လည်းမြင့်လာမယ်။ အင်္ဂလိပ်စာကို ကျွမ်းကျင်ပြီး ဒီလိုအရွယ်ကတည်းက သင်ထားပေးပြီးပြီဆိုရင် ကိုးတန်း ဆယ်တန်းရောက်ရင် စာတွေက သူတို့အတွက် အခက်အခဲမရှိတော့ဘူး။ အင်္ဂလိပ်စာ အဆင်ပြေရင် ကျန်တဲ့ဘာသာလည်း အဆင်ပြေသွားမှာ"ဟု သူမက ထပ်မံပြောသည်။

ထို့အပြင် သင်တန်းကျောင်း တက်ရောက်ခွင့်ရမည့် စစ်ရှောင်ကလေးငယ်များကို သင်တန်းအပို့ အကြိုပြုလုပ်ပေးခြင်း၊ နေ့လယ်စာကျွေးမွေးခြင်းနှင့် ကျောင်းဝတ်စုံများ ထုတ်ပေးခြင်းတို့ကိုလည်းအခမဲ့တာဝန်ယူဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အနုပညာပိုးတဘက် (shingni nbat) အဖွဲ့အနေဖြင့် လာမည့်နှစ်တွင် ထိုဒေသရှိ မူကြိုအရွယ် ကလေးငယ်များအတွက် မူကြိုကျောင်းတစ်ကျောင်း ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊ ထိုမူကြိုကျောင်းတွင် အခြားပတ်ဝန်းကျင်မှ ကျောင်းလာတက်မည့်ကလေးများအတွက် အခကြေးငွေကောက်ခံမည် ဖြစ်သော်လည်း စစ်ရှောင်ကလေးများအား အခမဲ့သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"လာမယ့်နှစ်မှာလည်း ကျောင်းဆောင်တွေကို တိုးချဲ့ပြီး နယ်တွေက စစ်ရှောင်ကလေးတွေကို ကျောင်းမှာနေခိုင်းပြီးသင်ကြားပေးဖို့စီစဉ်နေတယ်"ဟု ဒေါ်နန်ပရီက ပြောသည်။

အနုပညာပိုးတဘက် (Shingni Nbat) အဖွဲ့သည် စစ်ဘေးသင့် ပြည်သူများကို ကူညီထောက်ပံ့နေသည့် အဖွဲ့အစည်းဖြစ်ပြီး မတ်လ ၁ရက်က ၎င်းတို့အဖွဲ့ စတင်တည်ထောင်ခြင်း၅နှစ်ပြည့်ခဲ့ပြီးဖြစ်သည်။

Salai

# တတိယအကြိမ် ရပ်ကျေးအုပ်ချုပ်ရေးမှူး ရွေးကောက်ပွဲတွင် အုပ်ချုပ်ရေးမှူးအဟောင်း ၄၁ ဦး ပြန်လည်ပါဝင်နေ

မတ် ၁၃

မြစ်ကြီးနားမြို့နယ်အတွင်း တတိယအကြိမ် ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးများ ပြန်လည်ရွေးချယ်ရာတွင် အုပ်ချုပ်ရေးမှူးအဟောင်း ၄၁ ဦး ပြန်လည်ရွေးချယ်ခံရပြီး အသစ် ၁၆ ဦး ထပ်မံထွက်ပေါ်ခဲ့ကြောင်း သိရသည်။

မြစ်ကြီးနားမြို့နယ်အတွင်း ရပ်ကွက်ကျေးရွာအုပ်စု ၅၇ အုပ်စု ရှိရာမှ ၁၆ အုပ်စုအတွက် အုပ်ချုပ်ရေးမှူးများကို အသစ် ရွေးကောက်တင်မြှောက်ခဲ့ခြင်းဖြစ်သည်။

ထို အုပ်ချုပ်ရေးမှူးအသစ် ၁၆ဦးသည်မြစ်ကြီးနားမြို့ပေါ်ရပ်ကွက်များမှ ၅ ဦး၊ ကျေးရွာအုပ်စုများမှ ၃ ဦးနှင့် ဆင်ဘိုမြို့နယ်မှ ၈ ဦးကို ရွေးချယ်ခဲ့ခြင်းဖြစ်ကာ ကျန်အုပ်စုများမှာ ယခင်ကတာဝန်ယူခဲ့သည့် အုပ်ချုပ်ရေးမှူးအဟောင်းများကိုသာ ထပ်မံရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ခန့်လိုက်ပြီ။ တာဝန်ပေးလိုက်ပြီ။ အရင်က အဟောင်းတွေကိုပြန်မရွေးလို့ အသစ်တွေ တက်လာတာ။ တချို့တွေက နားသွားတဲ့အခါကျတော့ သူတို့ကို ပြန်မရွေးတော့ဘူး" ဟု မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဝင်းက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

ပြောင်းလဲ ရွေးကောက်ခန့်အပ်ခံရသည့် ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးမှူး အသစ်များသည် မြစ်ကြီးနားမြို့ပေါ်ရပ်ကွက်ရှိ ရှမ်းစုတောင်၊ မင်းရပ်၊ လယ်ကုန်း၊ ကချင်စုနှင့် ဓားစေတီရပ်ကွက်တို့မှ ဖြစ်ပြီး ကျေးရွာအုပ်စုများမှာ ဟိုကပ်၊ ရှဒေါင်နှင့် လွယ်ခေါ်ကျေးရွာအုပ်စုတို့ဖြစ်ကာ ဆင်ဘိုမြို့နယ်အနေဖြင့် တာဟိုးနား၊ တောပင်လုံ၊ ရေနား၊ နောင်ပွဲ၊ ဝိုင်းလုံး၊ ဝဲကြီး၊ ခေါင်ဖူးရွာသစ်နှင့်မြင်သာရွာတို့မှ ဖြစ်ကြောင်း သိရသည်။

ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးအသစ်အဖြစ် ရွေးကောက်ခံရသူများသည် မတ်လ ၁၂ မှ စတင်ကာ တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး ၎င်းတို့အနေဖြင့် တစ်လလျှင် နိုင်ငံတော်မှ ချီးမြှင့်ငွေ ၇၀၀၀၀ ကျပ်နှင့် ရုံးအတွက် အထွေထွေအသုံးစရိတ်ငါးသောင်းကျပ်ကို ရရှိမည်ဖြစ်ကြောင်း သိရသည်။

စည်သူ(မြစ်ကြီးနား)

မြစ်ကြီးနားသတင်းဂျာနယ်
(မတ် ၁၆ - မတ် ၂၂၊ ၂၀၁၈)

# လူမှုကွန်ရက်မှာ လူကြည့်အများဆုံးဖြစ်ခဲ့တဲ့ ပုံတွေရဲ့လက်ရာရှင်

ဆိုင်းထွယ်ဇင်
မေးမြန်းသည်



**မြစ်ကြီးနားမြို့ စိတာပူရပ်ကွက်မှာနေထိုင်တဲ့ Illustraction Art ပညာရှင် Kahtantu Htoi Awng နဲ့ မြစ်ကြီးနားသတင်းဂျာနယ်က သတင်းထောက် ဆိုင်းထွယ်ဇင်တို့ တွေ့ဆုံဖြစ်ကြတဲ့အချိန်မှာ ဘာတွေပြောဖြစ်ကြတယ်၊ Kahtantu Htoi Awng အနေနဲ့ ဘယ်လိုတွေ ကြိုးစားခဲ့ရတယ် ဆိုတာတွေကို မေးမြန်းဖြစ်ခဲ့ပါတယ်။ အဲဒါတွေကို မြစ်ကြီးနားဂျာနယ်စာဖတ်ပရိသတ်တွေအတွက် ဖော်ပြပေးလိုက်ပါတယ် ……………**

**မေး ။ ။ ပထမဦးဆုံးအနေနဲ့ အစ်ကို့ရဲ့ အမည်လေးနဲ့ မိတ်ဆက်ပေးပါဦးရှင့်။**

ဖြေ ။ ။ကျွန်တော့်နာမည်က Kahtantu Htoi Awng လို့ ခေါ်ပါတယ်။ ပန်းချီဆွဲရင်ကတော့ Shawanang ဆိုတဲ့ ကလောင်အမည်နဲ့ ရေးဆွဲပါတယ်။

**မေး ။ ။ အစ်ကို ဘယ်အသက်အရွယ်လောက်ကတည်းက ပန်းချီပညာကို စိတ်ဝင်စားခဲ့တာလဲရှင့်။**

ဖြေ ။ ။ ကျွန်တော်ငယ်ငယ်ကတည်းက စိတ်ဝင်စားခဲ့တယ်။ မှတ်မှတ်ရရအနေနဲ့ ကျွန်တော့်မှာရှိတဲ့ သရေပင် ၅၀၀ လောက်နဲ့ သူငယ်ချင်း ဆွဲထားတဲ့ ပုံလေးနှစ်ပုံကို ကျွန်တော်ဝယ်ခဲ့တာတော့ မှတ်မှတ်ရရပါပဲ။ ပုံတွေကို ငယ်ငယ်ကတည်းက ချစ်ခဲ့တယ်။ ပုံဆွဲချင်တဲ့စိတ်လည်း ငယ်ငယ်ကတည်းကကိုပါတယ်။ အချိန်တိုင်းလည်း ပုံပဲဆွဲချင်နေတာ။

**မေး ။ ။အစ်ကိုပန်းချီလောကထဲ အခြေချဖြစ်တာ ဘယ်နှနှစ်လောက် ရှိပြီလဲရှင့်။**

ဖြေ ။ ။ ပန်းချီလောကထဲ ဓောက်ချဖြစ်သွားတာက ၂၀၀၆ နှစ်ပိုင်းလောက်ကပါပဲ။ သက်တမ်းနုပါသေးတယ်။ ဒါပေမယ့် အရင်ကတည်းက ပန်းချီကတော့ ဆွဲတာပါပဲ။ လူနည်းနည်းသိလာတာကတော့ ၂၀၀၇ ခုနှစ်လောက်ကဖြစ်မယ်ထင်တယ်။

**မေး ။ ။အစ်ကို ပန်းချီဆွဲတာနဲ့ပတ်သက်ပြီး မိဘတွေက ဘယ်လိုပံ့ပိုးမှုတွေ ပေးခဲ့လဲရှင့်။**

ဖြေ ။ ။ ပံ့ပိုးမှုကတော့ အမေကတော့ တတ်နိုင်တဲ့ဘက်က အကုန်လုပ်ပေးတယ်။ သူတို့တတ်နိုင်တဲ့ဘက်က ကျွန်တော့်ကို လုပ်ပေးတယ်။ ဖြည့်ဆည်းပေးတာပေါ့နော်။

**မေး ။ ။အစ်ကို ရေးဆွဲဖြစ်တဲ့ ပန်းချီအမျိုးအစားတွေကို မိတ်ဆက်ပေးပါဦးရှင့်။**

ဖြေ ။ ။ Illustraction Art ဆွဲဖြစ်တာကတော့ များတယ်။ ကာတွန်းဆွဲတယ်။ ခဲပန်းချီဆွဲပါတယ်။

**မေး ။ ။ အစ်ကို့ရဲ့လက်ဦးဆရာတွေက ဘယ်သူတွေ ဖြစ်မလဲရှင့်။**

ဖြေ ။ ။ပန်းချီဆရာ ဆွတ်နောင်ကတော့ ကျွန်တော့လက်ဦးဆရာပါ။ ကိုကျော် (Piel Brush art studio)သူလည်း ကျွန်တော့်ဆရာတစ်ပါးပါပဲ။

**မေး ။ ။ ဘာကြောင့် Illustraction Art ကိုသီးသန့်ရေးဆွဲဖြစ်ခဲ့တာလဲရှင့်။**

ဖြေ ။ ။ ဘာကြောင့်ဆိုတဲ့ အကြောင်းပြချက်တော့ မရှိပါဘူး။ တခြားပန်းချီတွေထက် အဲ့ဒါကို ပိုသဘောကျတယ်။ ဒါကြောင့်လည်း စူးသွပ်လွန်းလို့ ကျွန်တော်ဆွဲတယ်၊ လေ့လာခဲ့တယ်။ မဖြစ်နိုင်တဲ့အခြေအနေကြားထဲကနေ ရန်ကုန်အထိသွားပြီး ဒီပညာကိုသွားသင်ခဲ့တယ်။

**မေး ။ ။ ရန်ကုန်အထိသွားပြီး Illustraction Art ဆွဲတဲ့ပညာ သင်ယူခဲ့တယ်ဆိုတော့ ကြုံတွေ့ခဲ့ရတဲ့ အခက်အခဲလေး ဝေမျှပေးပါဦးရှင့်။**

ဖြေ။ ။အခက်အခဲကတော့ အများကြီးပါပဲ။ ကျွန်တော်တို့က ချမ်းသာတဲ့ မိသားစုက မဟုတ်တော့ ငွေရေးကြေးရေးကအစ အဆင်မပြေဘူး။ ဒါကြောင့် သူများထက်ကို ပိုကြိုးစားရတယ်။ ကိုယ်က စိတ်အရမ်းဝင်စားနေလို့သာ အိမ်က ခွင့်ပြုပေးထားတာ။ နောက်ခံငွေကြေးမပြည့်စုံတော့ တော်တော်လေး အဆင်မပြေတာတွေနဲ့ ကြုံရတယ်။ ရုန်းခဲ့ရပါတယ်။ တခြားပန်းချီနဲ့ ပတ်သက်လို့ အဆင်မပြေတာတော့ မရှိပါဘူး။



**မေး ။ ။အစ်ကို ဆွဲထားတဲ့ ကချင်ရိုးရာဝတ်စုံနဲ့ Illutraction Art တွေက အရမ်းဆွဲဆောင်မှုရှိတယ်ဆိုတော့ အစ်ကိုဘယ်သူ့ကို မော်ဒယ်လ်ထိုင်ခိုင်းလဲရှင့်။ ပြီးတော့ ဘယ်လိုစိတ်ကူးနဲ့ ဆွဲတာလဲရှင့်။**

ဖြေ။ ။ကျွန်တော်ဘယ်သူ့ကိုမှ မော်ဒယ်လ် မထိုင်ခိုင်းဘူး။ မော်ဒယ်လ် ထိုင်ခိုင်းရအောင်လည်း ကျွန်တော်က ချမ်းသာတဲ့ပန်းချီဆရာမဟုတ်တော့ ကိုယ်တိုင်မှန်ထဲမှာစတိုင်ထုတ်တယ်၊ မိန်းကလေးပုံစံ လက်ကဘယ်လိုအနေအထားဆိုရင် လှတယ်ဆိုတာ အရင်ကြည့်တယ်။ ဒီလိုပဲ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ဆွဲရတာပေါ့။ စိတ်ကူးက ထွေထွေထူးထူး မစဉ်းစားဘူး။ စိတ်ထဲရှိတာ ဆွဲလိုက်တယ်။

**မေး ။ ။ အစ်ကို ရေးဆွဲခဲ့တဲ့ ကချင်ရိုးရာဝတ်စုံနဲ့ မိန်းကလေးပုံ Illutraction Art တွေကလူမှုကွန်ရက်မှာလူကြည့်အများဆုံးပုံတွေ ဖြစ်သွားတော့ အစ်ကို ဘယ်လို ခံစားရလဲ။**

ဖြေ ။ ။အမှန်အတိုင်းဝန်ခံရရင် ပျော်တာပေါ့ဗျာ။ ကျွန်တော်က သူများလို အရမ်းတော်တဲ့ ပန်းချီဆရာလည်း မဟုတ်ဘူး။ ဒါပေမယ့် ကျွန်တော့် လက်ရာလေးတွေကို အားပေးတယ် လက်ခံတယ်ဆိုတော့ ပျော်တာပေါ့။

**မေး ။ ။ နောက်ပိုင်းကျရင် အစ်ကို Fashion Illutraction တွေ ဆွဲဖြစ်မလားရှင့်။ အခုလည်း အစ်ကိုက ဖက်ရှင်ပိုင်းကို အနုစိတ်ဆွဲနေတာတွေ့လို့လေ။**

ဖြေ။ ။အဲဒီလိုတော့ ဖက်ရှင်သီးသန့် ဆွဲဖြစ်မယ်မထင်ဘူး။

**မေး ။ ။အစ်ကိုက လူငယ်လည်း လူငယ်ဆိုတော့ ပန်းချီနဲ့ပတ်သက်ပြီး ပညာတွေဆက်သင်သွားဖို့ အစီအစဉ်ရှိလားရှင့်။**

ဖြေ ။ ။ ကျွန်တော်က အခုအချိန်မှာ ပန်းချီသင်တန်းလောက်နဲ့ ကိုယ့်စိတ်ကူးဉာဏ်နဲ့ပေါင်းစပ်ပြီးပဲ အတွေးထဲပေါ်လာသမျှကို ရေးဆွဲနေတဲ့ သာမန်ပန်းချီဆရာ တစ်ဦးပါပဲ။ အဆင်ပြေမယ်ဆိုရင် ကိုးရီးယားလိုနိုင်ငံမျိုးက အနုပညာကျောင်းမှာ ပန်းချီနဲ့ပတ်သက်ပြီး ပညာတွေသွားသင်ချင်သေးတယ်။ လက်တွဲခေါ်မယ့်သူရှိရင်ပေါ့နော်။

**မေး ။ ။ပြပွဲတွေလုပ်ဖို့ အစီအစဉ်ရှိလား။**

**ဖြေ ။ ။လုပ်ဖို့ အစီအစဉ်ရှိပါတယ်။ မလုပ်ဖြစ်သေးတာပါ။**

မေး ။ ။အစ်ကို အားကျရတဲ့ ပြည်တွင်းပြည်ပ ပန်းချီဆရာတွေကို ပြောပြပေးပါရှင့်။

ဖြေ ။ ။ပြည်တွင်းမှာ အားကျတာကတော့ ကာတွန်း မောင်မောင်ဖောင်တိန်၊ မောင်စိန်တို့ရှိတယ်။ နိုင်ငံခြားကဆိုရင်တော့ ဒါပင်ချီတို့ပေါ့။ လေးစားအားကျရတဲ့သူတွေ တော်တော်များပါတယ်။

**မေး ။ ။ အစ်ကို့အနေနဲ့ ပန်းချီပညာကို စိတ်ဝင်စားတဲ့ လူငယ်တွေကို အကြံပေးစကားလေး ပြောပေးပါရှင့်။**

ဖြေ ။ ။ အကြံပေးဆိုတာထက် မိဘတွေကို အကြံပြုချင်တာပါ။ ကျွန်တော်တို့ လူငယ်တွေက လုပ်ချင်စိတ်ရှိရင်တောင် အနောက်က ပံ့ပိုးပေးမယ့်သူမရှိတော့ ခက်ခဲတယ်။ လူငယ်တွေ ဖြစ်ချင်တာကို မြိုသိပ်မထားခိုင်းပါနဲ့။ သူတို့ ဝါသနာပါတယ်ဆိုရင် လုပ်ခိုင်းလိုက်ပါ။ ပံ့ပိုးပေးပါ။ လူငယ်တွေကို လျစ်လျူမရှုထားကြပါနဲ့လို့ အကြံပေးချင်တယ်။

ဆိုင်းထွယ်ဇင်

■

မြစ်ဆုံစောင့်ကြည့်

## MYITSONE WATCH

# ကမ္ဘာ့မြစ်ချောင်းအင်းအိုင်များနေ့ အခမ်းအနားကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကချင်ပြည်နယ်တွင် ပြုလုပ်သွားမည်

မတ် ၁၂

ကချင်ပြည်နယ်တွင် နှစ်စဉ်ကျင်းပခဲ့သည့် ကမ္ဘာ့မြစ်ချောင်းအင်းအိုင်များနေ့တွင် ပြုလုပ်သော မြစ်ဆုံဆည်စီမံကိန်းအား ကန့်ကွက်သည့်အခမ်းအနားကို တနိုင်ငံလုံးအတိုင်းအတာဖြင့် ကချင်ပြည်နယ်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကမ္ဘာ့မြစ်ချောင်းအင်းအိုင်များနေ့တွင် ပြုလုပ်မည့် အခမ်းအနားကို ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်ရှိ ဟပ်ကြီးရေကာတာ တည်ဆောက်မည့် တောင်ကြားတွင် သွားရောက်ပြုလုပ်သွားမည်ဖြစ်ကြောင်း မြစ်ဆုံအရေးလှုပ်ရှားနေသူ ဒေါ်ဂျာခေါန်က ပြောသည်။

ကချင်ပြည်နယ်တွင် ထိုသို့သွားရောက်ကန့်ကွက်ခြင်းမှာ ယခုအကြိမ်သည် ပထမဆုံးဖြစ်ပြီး No Dam Myitsone၊ ဧရာဝတီမြစ် ထာဝစဉ်လွတ်လပ်စွာစီးဆင်းရေး၊ စစ်မြေပြင်အတွင်း ရေအားလျှပ်စစ်စီမံကိန်းများ အလိုမရှိ၊ ဧရာဝတီမြစ် ပြည်သူတွေပိုင်ဆိုင်ရေး စသည့် ပိုစတာများ ကိုင်ဆောင်ကာ ထိုစာသားများအတိုင်း ဟစ်ကြွေးသွားမည်ဖြစ်ကြောင်း ဒေါ်ဂျာခေါန်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ဆက်လက် ပြောသည်။

အထက်ပါစာသားများရေးသားထားသည့် ပိုစတာများကို ဆန္ဒပြမည့်နေရာတွင် ပြခန်းများပြုလုပ်ကာ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

"တစ်နိုင်ငံလုံးမှာလုပ်မယ့် ရေကာတာစီမံကိန်းတွေကို ကန့်ကွက်တဲ့နေ့မှာ ကျွန်မတို့လည်း တစ်ခုအပါအဝင် ပါဝင်တာဖြစ်တယ်။ ကချင်ပြည်နယ်မှာရှိတဲ့ ရေကာတာအားလုံးကို သူတို့နဲ့အတူ ကန့်ကွက်တာဖြစ်တယ်။ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့သွားပြီး ကန့်ကွက်တာ ဖြစ်တယ်"ဟု ဒေါ်ဂျာခေါန်က ရှင်းပြသည်။




ထိုဆန္ဒပြပွဲပြုလုပ်ရသည့် ရည်ရွယ်ချက်မှာ ကချင်ပြည်နယ်အပြင် တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ဆောက်လုပ်မည့်ရေကာတာများနှင့် ရပ်ဆိုင်းထားသည့် ရေကာတာစီမံကိန်းများကို ထာဝရရပ်ဆိုင်းသွားစေရန်၊ မြစ်ဆုံရေကာတာစီမံကိန်း ရပ်ဆိုင်းသွားကာ သဘာဝပတ်ဝန်းကျင်တွင် ငြိမ်းချမ်းပြီး စိမ်းလန်းစိုပြေလာစေရန်နှင့် မိမိတို့၏မူလနေရပ်တွင် ပြန်လည်နေထိုင်ခွင့်ရရှိရန်အတွက်ဖြစ်ကြောင်း သိရသည်။

"သံလွင်မြစ် ရေကာတာဖြစ်စေ၊ မြစ်ဆုံရေကာတာဖြစ်စေ အားလုံးဟာ တစ်ခုတည်းပဲ။ ရေကာတာလုပ်လိုက်ရင်တော့ တိုင်းရင်းသားတွေပဲ ဆုံးရှုံးမှာ။ ဒါကြောင့် အားလုံးအတူတူကန့်ကွက်သွားဖို့ ဖြစ်တယ်"ဟု မြစ်ဆုံအရေးလှုပ်ရှားသူဒေါ်လုရာက ပြောသည်။

လဖိုင်လု

# ဧပြီလမှစတင်ပြီး မြစ်ကြီးနားတွင် အမဲသားဈေး ၅၀၀၀ လျှော့ရောင်းရန် စည်ပင်ဆောင်ရွက်ထားဟုဆို

မတ် ၁၃

လာမည့် ဧပြီလ ၁ ရက်မှ စတင်ပြီးမြစ်ကြီးနားမြို့နယ်အတွင်း အမဲသားဈေး ၅၀၀၀ ကျပ်ခန့် လျှော့ကျတော့မည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌကပြောသည်။

"၂၀၀၈ ဘဏ္ဍာရေးနှစ်အတွက် အရင်ကလို လေလံစနစ်နဲ့မဟုတ်ဘဲ တင်ဒါစနစ်ပြောင်းလဲကျင့်သုံးခဲ့လို့ အခုလို ဈေးနှုန်းတွေ လျှော့ကျလာမှာဖြစ်တယ်"ဟု မြို့နယ်စည်ပင်သာယာရေးကော်မတီမှ ဥက္ကဋ္ဌ ဦးမိထွယ်ဇော်လတ်က ရှင်းပြသည်။

အမဲသားများကို အနည်းဆုံးဈေးနှုန်းဖြင့် ရောင်းချနိုင်မည့်သူအား သားသတ်လိုင်စင်ထုတ်ပေးခဲ့ခြင်းဖြစ်ပြီး ရေစင်ကွင်းဈေးတွင် ၁ ပိဿာ ၇၀၀၀ ကျပ်၊ ရပ်ကွက်ဈေးများတွင် ၆၈၀၀ ကျပ်နှင့် ကျေးလက်ဒေသများတွင် ၃၀၀၀ ကျပ်စသည့် ဈေးနှုန်းများဖြင့်သာ ရောင်းချကြရတော့မည်ဖြစ်ကြောင်း သိရသည်။

"မြစ်ကြီးနားမြို့မှာ ရှိတဲ့သူတွေကို အရင် အသားဈေး ၁၂၀၀၀ ကနေ ဈေးနှုန်းသက်သာစွာနဲ့ ဝယ်ယူစားသောက်နိုင်အောင် ရည်ရွယ်ပြီးလုပ်တာ ဖြစ်တယ်"ဟု ဦးမိထွယ်ဇော်လတ်က ဆက်လက်ပြောသည်။

ထိုသို့ အမဲသားဈေးနှုန်းများ ကျဆင်းသွားသည်ဆိုသော်လည်း ဝက်သားဈေးနှုန်းများမှာ မူလဈေးအတိုင်းပင်ရှိနေမည်ဖြစ်ကြောင်း၊ ထိုသို့ဖြစ်ရခြင်းသည် အနည်းဆုံးဈေးနှုန်းဖြင့် ရောင်းချပေးနိုင်မည့်သူမရှိခြင်းကြောင့် ယခင်ဈေးအတိုင်းသာရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

"ဝက်နဲ့ ပတ်သက်တာကတော့ ပြောရရင် သူတို့က လေလံစနစ်ပဲဖြစ်ဖြစ် တင်ဒါစနစ်ပဲဖြစ်ဖြစ် ဒီဈေးနဲ့ပဲရောင်းမှ ကိုက်မယ်လို့ ပြောလာတယ်။ ဝက်သားကတော့ အရင်ဈေးအတိုင်းပါပဲ"ဟု ဦးမိထွယ်ဇော်လတ်က ရှင်းပြသည်။


ယင်းသားသတ်လိုင်စင်သည် ၂၀၀၈ ဘဏ္ဍာနှစ်၏ ပထမ ၆လ (ဧပြီ ၁ ရက်မှ စက်တင်ဘာလကုန်)အထိ အကျုံးဝင်သွားမည်ဖြစ်ကြောင်း၊ ကျန်လိုင်စင်စီစီ အမျိုးအစားများကို လေလံစနစ်ဖြင့်သာ ဆက်လက်ရောင်းချသွားမည်ဖြစ်ပြီး သားသတ်လိုင်စင်တစ်ခုတည်းကိုသာ တင်ဒါစနစ်ဖြင့် ပြောင်းလဲရောင်းချခဲ့ခြင်းဖြစ်ကြောင်း အမဲသား သားသတ်လိုင်စင်ရရှိခဲ့သည့် ဦးဇော်မင်းက ပြောပြသည်။

စည်သူ (မြစ်ကြီးနား)




# ပန်းချီဆရာများရဲ့ ကချင်အက

အင်ဝိုင်တွမ်



ပန်းချီဦးကျော်၏
မနောအကပန်းချီကား



ခင်ဝမ်း၏ ကချင်မနောပွဲပန်းချီကား

သမ္မတ၊ ဝန်ကြီးချုပ်များ မနောပွဲသွားသည်။ မနောအက ကသည်။ စာရေးဆရာများ မနော်ပွဲတွင်ကကြသည်။ ခေါင်ရည်သောက်ကြသည်။ မနောပွဲကို သရုပ်ဖော်ရေးသားကြသည်။ ဂီတဆရာများက ဂီတဖွဲ့ဆိုကြသည်။ မလိခမှအလွမ်းလေးတွေသီချင်းတွင် "ဟိုတစ်ခါမင်းနဲ့တို့အတူ နွဲပျော်ရာထောင်ကာမနောအကများနဲ့ မမောနိုင်တာ ညီညာကြင်နာမှုတွေပါ"စသည်ဖြင့်၊ မိုးလုံးမှိုင်းသီချင်းတွင် "ဂျိမ်းဖော့တို့မြေ ချမ်းအေးလွန်းရင် ခေါင်ရည်ရယ် မီးပုံဖိုပြီးဝိုင်းဖွဲ့ကမယ် လာလေလာ ပျော်ပျော်ရွှင်ရွှင် ဆိုတေးဟစ်ကာ အမြဲအတူကဦးမယ်"စသည်ဖြင့်၊ ဂျိမ်းဖောပွဲတော်သီချင်းတွင် "မီးပုံကြီးပတ်ပတ်ရံဟန်ညီလှသေး. . ။ ဘယ်ယိုင်ကာညာနင်းမယ် မင်းလိုက်ခဲ့လေး။" စသည်ဖြင့်၊ ကချင်မြေကိုလာပါ သီချင်းတွင် ". . . . ကချင်မြေကရိန်နော် မနောပွဲတော် ပျော်ပျော်ရွှင်ရွှင်အတူနွဲပျော်. . တောင်တန်းပွဲတော် ဂျိမ်းဖောမနော်" စသည်ဖြင့်၊ ဆွမ်ဘရာဘွမ်သီချင်းတွင် "ခေါင်ရည်သောက်မိတ်ဆုံစား ပျော်စရာကွယ့်တို့အများ မနောအကနဲ့ညှိဝတ်တော်ကျေ"စသည်ဖြင့်။ ဂီတဆရာများ ကချင်အက ကခဲ့ကြသည်။ ပန်းချီအနုပညာရှင်၊ ပန်းချီဆရာများကလည်း ကချင်အကနှင့် ပတ်သက်လျှင် နောက်တန်းတွင် မရှိခဲ့ချေ။ စာရေးဆရာများက စကားလုံးများဖြင့် ကသည်။ ဂီတဆရာများက သံစဉ်စာသားများဖြင့် ကခုန်သည်။ ပန်းချီဆရာများကတော့ စုတ်ဆေး၊ ကင်းဘတ်၊ အရောင်မျဉ်းကြောင်းများဖြင့် ယိမ်းနွဲ့ကြသည်။ စကားလုံးများ၊ သံစဉ်များကွဲပြားသလို ဆေးစက်များ၊ အရောင်များ၊ ဟန်များလည်း မတူညီကြပေ။ မြန်မာနိုင်ငံ ပန်းချီပန်းပုကောင်စီ (ပဟိုဌာနချုပ်)မှ ကျင်းပသော ၁၉၇၀ ခုနှစ် ပန်းချီပန်းပုပြပွဲတွင် ပန်းချီဦးကျော်က မနော်အကကို ဤသို့ ကခဲ့သည်။



ဖေညွန့်ဝေ၏ ကချင်မနောရိုးရာမနောပွဲပန်းချီကား

------

ပန်းချီဆရာကြီးဦးနန်းဝေသည် တက္ကသိုလ်မြေမှ ထွက်ပေါ်လာသော ပန်းချီဆရာတစ်ဦးဖြစ်သည်။ အင်းလျား၊ ဘွဲ့နှင်းသဘင်၊ သစ်ပုတ်ပင်၊ စိန်ပန်းနှင့် ဆေးတက္ကသိုလ် (၁)၊ လိပ်ခုံးနှင့်အုပ်ချုပ်ရေးရုံး၊ သီရိဆောင်၊ ရတနာဆောင်၊ စီးပွားရေးတက္ကသိုလ် အစရှိသည့် တက္ကသိုလ်တစ်ခွင်ရှုခင်းများသည် ဦးနန်းဝေအမြဲဆွဲလေ့ရှိသော ရှုခင်းများဖြစ်သည်။ ထို့ကြောင့် ရန်ကုန်တက္ကသိုလ်နယ်မြေတွင် ပန်းချီဆွဲနေလေ့ရှိသောဦးနန်းဝေကို ဆရာဇော်ဂျီက "မင်းသေရင် တက္ကသိုလ်မှာ တစ္ဆေဖြစ်မယ့်အကောင်"ဟုပင် ပြောခဲ့သည်။ ထိုဦးနန်းဝေက "ကချင်ရိုးရာအက"အမည်ရှိ ဆီဆေးပန်းချီကားကို ရေးဆွဲခဲ့သည်။ ထိုပန်းချီလက်ရာကို ၁၉၇၂ ခုနှစ်ထုတ် တက္ကသိုလ်ပြက္ခဒိန်တွင် မြင်ရလေသည်။



ဦးနန်းဝေ၏ ကချင်မနောရိုးရာအကပန်းချီကား

------

အနုပညာရှင် ခင်ဝမ်းဟာ သူ့စိတ်ခံစားမှုနဲ့ မကိုက်ညီတဲ့ ဂီတကိုလည်း ဘယ်လိုအခြေအနေမျိုးပဲဖြစ်ဖြစ် မရေးဖွဲ့၊ ပန်းချီကားတစ်ချပ်ကိုလည်း ခံစားမှုမရှိဘဲ ဘယ်လိုအကြောင်းကြောင်းနဲ့မှ မဆွဲဟု ဆိုသည်။ သူသည် ကိုယ်ပိုင်သံစဉ်တေးသီချင်းပေါင်းများစွာကို ဖန်တီးရေးသားသီဆိုခဲ့သည့် ဂီတအနုပညာရှင်၊ သူသည် ပန်းချီကားများအပြင် မဂ္ဂဇင်း သရုပ်ဖော်ပုံများကိုလည်း ရေးဆွဲခဲ့သည့် ပန်းချီဆရာ။ မြန်မာနိုင်ငံတွင် ပထမဆုံး ပိုက်ဆံပေးကြည့်ရသည့် ပန်းချီပြပွဲကို ခင်ဝမ်းစတင်ခဲ့သည်။ ၁၉၇၉ ခုနှစ်တွင် ဝင်ကြေး ၁ ကျပ်။ ခင်ဝမ်း၏ "စိတ္တဇပန်းချီ" စာအုပ်သည် မော်ဒန်ပန်းချီ စိတ်ဝင်စားသည့် လူငယ်များအတွက် ရှေ့ဆောင်အားသစ်ဖြစ်ခဲ့သည်။ ထိုခင်ဝမ်းကလည်း "ကချင်မနောပွဲ"အမည်ရှိမော်ဒန်ပန်းချီကားကိုဖန်တီးထားခဲ့သည်။

ယနေ့ခေတ်ရဲ့ ဝါရင့်မော်ဒန်ပန်းချီဆရာ ဖေညွန့်ဝေကလည်း လွန်ခဲ့တဲ့နှစ် ကိုရီးယား-မြန်မာပန်းချီပြပွဲမှာ ကချင်ရိုးရာမနောပွဲပန်းချီကားကို ပြသခဲ့သည်။ ပန်းချီဖေညွန့်ဝေသည် ၁၉၇၀ ခုနှစ်တွင် တည်ထောင်ခဲ့သော လောကနတ်ပန်းချီပြခန်း၏ အဖွဲ့ဝင်တစ်ဦးဖြစ်သည်။ နိုင်ငံတကာပန်းချီအတွေ့အကြုံများ ကြွယ်ဝသူဖြစ်ပြီး သူ၏"ပန်းချီဆိုတာဘာလဲ"စာအုပ်သည် ပန်းချီချစ်သူဝါသနာရှင်များ၏လက်စွဲ ဖြစ်ခဲ့သည်။ မော်ဒန်ဟန်ကချင်ရိုးရာမနောပွဲပန်းချီကားသည် ချစ်ကြည်ရေး၊စည်းလုံးမှုသရုပ်တွေကို ဖော်ဆောင်သည်ဟု သူက ဆိုသည်။

------

ဤသို့ဖြင့် ပန်းချီအနုပညာရှင်များ၏နှလုံးသားကို ကချင်ရိုးရာအကများက လွှမ်းမိုးနိုင်ခဲ့သည်ကို အကျဉ်းမျှတွေ့ရှိကြရမည်ဖြစ်သည်။ ခေတ်အဆက်ဆက်ပန်းချီဆရာများ၏ အရောင်များ၊ မျဉ်းကြောင်းများဖြင့် ဖွဲ့စည်းထားသော ကချင်အကများကို ကြည့်ရှုခံစားကြည့်ကြပါစို့လား။

# မြစ်ကြီးနားက ရက်လွန်ကုန်ပစ္စည်းများကို အမှိုက်ပုံတွင် မီးရှို့သလို အခြားမြို့နယ်များတွင်လည်း ထိုသို့ ပြုလုပ်သွားမည်

မတ် ၁၂

မြစ်ကြီးနားမြို့တွင်ရှိသော လက်လီလက်ကား ကုန်စုံဆိုင်များမှ သိမ်းဆည်းရမိသည့်ရက်လွန်ကုန်ပစ္စည်းများကို နန်ကျင်ကျေးရွာရှိ စုပေါင်းအမှိုက်ပုံတွင် မီးရှို့ဖျက်ဆီးခဲ့သကဲ့သို့ အခြားရပ်ကွက်နှင့် ကျေးရွာများတွင်လည်း ထိုပစ္စည်းများ ရောင်းချနေခြင်း ရှိ/မရှိ စစ်ဆေးကာ တွေ့ရှိပါက ထိုသို့ ပြုလုပ်သွားမည်ဖြစ်ကြောင်း မြို့နယ်အစားသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ သိရသည်။

မြစ်ကြီးနား မြို့ပေါ်ရပ်ကွက် ၁၀ ရပ်ကွက်ရှိ လက်လီလက်ကား ကုန်စုံဆိုင်များတွင် ရောင်းချနေသည့် ရက်လွန်စားသောက်ကုန်များ၊ အလှကုန်များနှင့် ဆေးဝါးများအား ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် မြို့နယ်အစားသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတို့ ပူးပေါင်းကာ ဖေဖော်ဝါရီလ ၂၀ ရက်နှင့် ၂၁ ရက်တွင်ကွင်းဆင်းစစ်ဆေးပြီး သိမ်းဆည်းရမိခဲ့သည်များကို အထက်ပါအတိုင်း မီးရှို့ဖျက်ဆီးခဲ့ခြင်းဖြစ်ကြောင်း မြို့နယ် FDA မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာမေဇင်ထွန်းထံမှ သိရသည်။

ရက်လွန်ကုန်ပစ္စည်းများအား သိမ်းဆည်းပြီး ထို့သို့ မီးရှို့ဖျက်ဆီးရခြင်းမှာ စားသုံးသူပြည်သူလူထုအနေဖြင့် ဘေးဥပါဒ်အန္တရာယ် ကင်းရှင်းပြီး ကျန်းမာရေးအရ လုံခြုံစိတ်ချမှုရှိသည့် စားသောက်ကုန်များ ဝယ်ယူစားသောက်နိုင်ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း ဒေါက်တာမေဇင်ထွန်းက ပြောပြသည်။

ထို့သို့ မီးရှို့ဖျက်ဆီးခဲ့သော ကုန်ပစ္စည်းများ၏ စုစုပေါင်းတန်ဖိုးမှာ ကျပ်သိန်း ၂၀ ဝန်းကျင်ခန့်ရှိကြောင်း မြို့နယ်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ သိရသည်။

အဆိုပါဌာနမှ တာဝန်ရှိသူများအနေဖြင့် ကုန်ပစ္စည်းအရောင်းဆိုင် ၇၀ ခန့် သို့ သွားရောက်ပြီး ကွင်းဆင်းစစ်ဆေးခြင်းနှင့် ပညာပေးခြင်းလုပ်ငန်းများကို ပြုလုပ်ခဲ့သည့်အပြင် ရက်လွန်ကုန်ပစ္စည်းများနှင့်FDA က တားမြစ်ထားသည့် ပစ္စည်းများကို ရောင်းချနေသည့် ဆိုင်ရှင်များအား နောက်နောင်တွင် ထိုသို့ ရောင်းချခြင်း မပြုရန် ဝန်ခံကတိရေးထိုးခိုင်းခဲ့ကြောင်း၊ နောက်နောင် ထိုသို့ပြန်လည်ရောင်းချခြင်း ပြုလုပ်ပါက ဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း ပြောဆိုခဲ့သည်ဟု သိရသည်။



မြစ်ကြီးနားမြို့ရှိ ဆိုင်များမှ သိမ်းဆည်းရမိသော ပစ္စည်းများကို မီးရှို့ဖျက်ဆီးနေ

“ဆိုင်ရှင်တွေအနေနဲ့ရက်လွန်နေတာကို သိလို့ဖြစ်စေ၊ မသိလို့ဖြစ်စေ ရောင်းမိလို့ စားသုံးသူတွေ တစ်ခုခု ဖြစ်သွားခဲ့မယ်ဆိုရင် FDA ကနေ စားသုံးသူများ ကာကွယ်ပေးရေးဥပဒေနဲ့ တရားစွဲဆိုသွားမှာ ဖြစ်ပါတယ်။ စားသုံးသူတွေအနေနဲ့လည်း ရက်လွန်မလွန်ကို သေချာစိစစ်ပြီးတော့ ဝယ်ယူကြဖို့လည်း ပြောချင်ပါတယ်” ဟု FDA မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာမေဇင်ထွန်းက ပြောသည်။

ကုန်ပစ္စည်းအရောင်းဆိုင်များအနေဖြင့် ရက်လွန်ကုန်ပစ္စည်းများကို ဆက်လက်ရောင်းချနေမည်ဆိုပါက (သို့မဟုတ်) ထိုရက်လွန်ပစ္စည်းများကို ဝယ်ယူစားသုံးမိသူများအနေဖြင့် တစ်စုံတရာဖြစ်ပွားခဲ့မည်ဆိုပါက ရောင်းချသူများအား စားသုံးသူများကာကွယ်ပေးရေးဥပဒေအရ သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ သိန်း ၅၀ ထက် မပိုသောငွေဒဏ်ဖြစ်စေချမှတ်ခံရမည်ဟု သိရသည်။

ရက်လွန်သည့် အစားအစာများကို စားသုံးမိသူများအနေဖြင့် အစာအိမ်နှင့် အူလမ်းကြောင်းကို ထိခိုက်နိုင်ပြီး၊ ဗိုက်အောင့်ခြင်း၊ အော့အန်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောခြင်းများ ဖြစ်လာနိုင်ကြောင်း၊ ထိုရက်လွန်ပစ္စည်းများကြောင့် စားသုံးသူများအနေဖြင့် တစ်စုံတစ်ခု ဖြစ်ပွားခဲ့မည်ဆိုပါက စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ထံ သွားရောက်တိုင်ကြားနိုင်ကြောင်း သိရသည်။

“ပြည်သူတွေအနေနဲ့ တစ်ခုခု ဝယ်ယူတော့မယ်ဆိုရင် FDA အသိအမှတ်ပြု အမှတ်တံဆိပ်ပါသော ကျန်းမာရေးထောက်ခံချက်ရှိတဲ့ စားသောက်ကုန်နဲ့ဆေးဝါးများကို ဝယ်ယူသုံးစွဲ စားသုံးကြဖို့ ပြောလိုပါတယ်”ဟု ဒေါက်တာမေဇင်ထွန်းက အကြံပြုပြောကြားသည်။

ပြည်သူများအနေဖြင့် အစားအသောက်အပြင် အခြားကုန်ပစ္စည်းများနှင့် သက်ဆိုင်သည့် ပညာပေးခြင်းများကို သိရှိလိုပါက Food and Drug Administration လူမှုကွန်ရက်စာမျက်နှာသို့ ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း ကြေညာထားသည်။

မွန်းမွန်းပန်

# တက္ကသိုလ်ဝင်တန်းဖြေဆိုရန် ပျက်ကွက်သူ ၂၅၀၀ ခန့်ရှိနေ

ကချင်ပြည်နယ်၊ ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဘာသာရပ်အလိုက် စာရင်းရှိ၊ ပျက်ကွက်၊ ဖြေဆိုသူ စာရင်း

| စဉ် | ဘာသာအမည် | စာရင်းရှိ | | | ပျက်ကွက် | | | ဖြေဆို | | |
|---|---|---|---|---|---|---|---|---|---|---|
| | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| ၁ | မြန်မာစာ | ၁၄၁၁၈ | ၂၁၄၈၈ | ၃၅၆၀၆ | ၁၂၇၈ | ၁၁၁၆ | ၂၃၉၄ | ၁၂၈၄၀ | ၂၀၃၇၂ | ၃၃၂၁၂ |
| ၂ | အင်္ဂလိပ်စာ | ၁၄၁၁၈ | ၂၁၄၈၈ | ၃၅၆၀၆ | ၁၂၈၈ | ၁၁၂၁ | ၂၄၀၉ | ၁၂၈၃၀ | ၂၀၃၆၇ | ၃၃၁၉၇ |
| ၃ | သင်္ချာ | ၁၄၁၁၈ | ၂၁၄၈၈ | ၃၅၆၀၆ | ၁၂၉၉ | ၁၁၂၆ | ၂၄၂၅ | ၁၂၈၁၉ | ၂၀၃၆၂ | ၃၃၁၈၁ |
| ၄ | ဓာတုဗေဒ | ၁၁၆၄၇ | ၁၈၀၅၀ | ၂၉၆၉၇ | ၁၀၁၁ | ၈၅၄ | ၁၈၆၄ | ၁၀၆၃၇ | ၁၇၁၉၆ | ၂၇၈၃၃ |
| ၅ | | | | | | | | | | |

မတ် ၁၂

ကချင်ပြည်နယ်တွင်၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲသို့ ဝင်ရောက်ဖြေဆိုရန် ပျက်ကွက်ခဲ့သည့် ကျောင်းသူ/သား ၂၅၀၀ ခန့်ရှိကြောင်းသိရသည်။

ယခုနှစ်တွင် တက္ကသိုလ်ဝင်တန်းဖြေဆိုရန် စာရင်းရှိသည့် လူဦးရေမှာ ၃၅၆၀၆ ဦးရှိသော်လည်း မြန်မာစာဖြေဆိုသည့်နေ့တွင် စာရင်းပေးထားသူများအနက် ၃၃၂၁၂ ဦးသာလာရောက်ဖြေဆိုခဲ့ကြပြီး ၂၃၉၄ ဦး ပျက်ကွက်ခဲ့ကြောင်း သိရသည်။

ပျက်ကွက်သည့် ကျောင်းသူ/သားများမှာ မြစ်ကြီးနားခရိုင်အတွင်း ၁၀၀၀ ဦး၊ မိုးညှင်းခရိုင်အတွင်း ၇၀၀ ဦး၊ ပန်းမော်ခရိုင်အတွင်း ၄၆၀ ဦး နှင့်ပူတာအိုခရိုင်အတွင်း ၂၂၄ ဦးရှိကြောင်း ပြည်နယ်ပညာရေးမှူးရုံးမှရရှိသည့် စာရင်းများအရ သိရသည်။

၎င်းတို့အအနက် မြစ်ကြီးနား၊ ဖားကန့်၊ မိုးကောင်း၊မိုးညှင်း၊ဝိုင်းမော်၊ပန်းမော်နှင့် ပူတာအိုမြို့နယ်များမှ ကျောင်းသူ/သားများက အများဆုံးပျက်ကွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုကဲ့သို့ပင် အင်္ဂလိပ်စာ ဖြေဆိုသည့်နေ့တွင်လည်း ကျောင်းသား/သူ ၁၅ ဦးထပ်မံ ပျက်ကွက်ခဲ့ပြီး သင်္ချာဖြေဆိုသည့်နေ့တွင် ၁၆ ဦးထပ်မံပျက်ကွက်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံလုံးအတိုင်းအတာအရ ဖြေဆိုရန်လျှောက်ထားသူ ၈၄၄၃၅၈ ဦးအနက် စတင်ဖြေဆိုသည့်နေ့က ၅၅၄၉၅ ဦး ပျက်ကွက်ခဲ့ကြောင်း ပညာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

Salai

မြစ်ကြီးနားသတင်းဂျာနယ်
(မတ် ၁၆ - မတ် ၂၂၊ ၂၀၁၈)

# စာအုပ်စင်ကဏ္ဍ

ညီထွန်းလင်း



| ကုမ်ရာသီအက်ဆေးများ |
|---|
| စာရေးသူ = နေဝင်းမြင့် |
| ထုတ်ဝေသူ = ဥဒယကျေးရွာ စာပေ |
| တန်ဖိုး = ၄၀၀၀ ကျပ် |

ဆရာနေဝင်းမြင့်သည် ဝတ္ထုတိုတွင် အလွန်နာမည်ကြီးသော ဆရာတစ်ဦးဖြစ်ပြီး မြန်မာဝတ္ထုတိုအကြောင်းပြောလျှင်ချန်လှပ်ထား၍ မရသော ဆရာတစ်ဦးဖြစ်ပါသည်။ ပြီးလျှင် ဆရာနေဝင်းမြင့်သည် အက်ဆေးများစွာကိုလည်း ရေးသားခဲ့ပြီး အလွန်အရေးကောင်းသူတစ်ဦးဖြစ်ပါသည်။ အက်ဆေးပေါင်း များစွာကို ရေးသားခဲ့ပြီး အက်ဆေးပေါင်းချုပ်များကိုလည်း ထုတ်ဝေခဲ့ပါသည်။ ယခုကုမ်ရာသီအက်ဆေးများမှာ ယခင်စုစည်းခဲ့သောအက်ဆေးများတွင် မပါဝင်ဘဲ နောက်ပိုင်းရေးသားကျန်ရှိနေသော အက်ဆေးများကို ပေါင်းထုတ်ထားခြင်းဖြစ်ပါသည်။

ကျွန်တော်သည် တစ်လတစ်ခါ ပုံမှန်ဆံပင်ညှပ်သူဖြစ်ပါသည်။ တစ်နှစ်တွင် ဆယ့်နှစ်ကြိမ်ဖြင့် လက်ရှိအသက်နှင့် မြှောက်လျှင် ဆံပင်ညှပ်ခဲ့သည့် အကြိမ်ပေါင်း ပျမ်းမျှ ၆၀၀ ခန့်ရှိခဲ့ပြီ။ ကျွန်တော့် အသက်ထက်စာလျှင် ၆၀၀ ဆိုသည့်အကြိမ်မှာ နည်းလွန်းလှပါသည်။ သို့သော် ဆံပင်ညှပ်ဖို့ အမြဲတမ်းလို နှောင့်နှေးတတ်သော ကျွန်တော့်အတွက်တော့ များလွန်းသည်ဟု ထင်သည်။ ပင်ကိုယ်အားဖြင့် ဆံပင်ညှပ်ရမှာကို ကျွန်တော်မနှစ်မြို့တတ်ပါ။ တစ်ယောက်ယောက်၏ တိုက်တွန်းမှုမပါဘဲ ဆံပင်သွားညှပ်တာမျိုးဘယ်တုံးကမျှ မရှိခဲ့။ ကျွန်တော်ငယ်ငယ်က ဆံပင်ညှပ်ဖို့ တိုက်တွန်းသူမှာ အမေဖြစ်သည်။

"ဆံပင်ကြီးကလည်း ညှင်းဆိုးဆိုးနဲ့"

အမေ့မှတ်ချက်က သည်လောက်ပဲဖြစ်သည်။ ပိုက်ဆံမတ်စေ့တစ်စေ့ ထုတ်ပေးရင်း ဆံပင်ညှပ်ဆိုင်ကိုပါ ရွေးပေးတတ်သည်။ အမေ့စကားထဲမှာ လမ်းညွှန်မှုလည်း ပါသည်။ ဝေဖန်ရေးလည်း ပါသည်။

"မတိုမရှည်ညှပ်ခဲ့. . . ကိုသန်းဆိုင်သွားညှပ်. . . ဟိုတစ်ခါ ကိုတိုင်းကျော်ဆိုင်သွားညှပ်တာ မကောင်းဘူး"

ကျွန်တော်ကတော့ဦးတိုင်းကျော်ဆိုင်ကို ကြိုက်သည်။ ဦးတိုင်းကျော်ဆိုင်မှာ မယ်ဒလင်သံကြားရလို့ ဖြစ်သည်။ ဆံပင်ညှပ်သူပါးချိန်တွင် ဦးတိုင်းကျော်က မယ်ဒလင်တီးသည်။ မနီးမဝေးမှာနေသည့် ဦးလေးကျင်က တယောထိုးသည်။ ဆိုကောင်းတီးကောင်းတုန်း ကျွန်တော်ရောက်သွားလျှင် "ကောင်လေး နေဦးကွ"ဟု ဆိုတတ်သည်။ ဖောက်သည်တွေများလာလို့ ဆံပင်ညှပ်ပေးရသည်ဆိုလျှင် ပါးစပ်က သီချင်းဆိုရင်းညှပ်သည်။ တစ်ခါတစ်ခါ ညှပ်ရင်း အားမလိုအားမရဖြစ်ပုံဖြင့် မယ်ဒလင်ကောက်ကိုင်ကာ ထတီးတတ်သည်။ ထိုအခါ ပိတ်ဖြူစ ညစ်နွမ်းနွမ်းကို လည်ပင်းပတ်ထားရင်း တစ်ခေါင်းလုံးထုံးမှုန်တွေ ဖြူးထားသလို ပေါင်ဒါတွေပေကျံရင်း ဆံပင်ညှပ်ခုံပေါ်က ငုတ်တုတ်စောင့်နေရတတ်သည်။(စာ - ၈၀ မှ)



| နှင်းရိပ်ပြာမှောင် |
|---|
| စာရေးသူ = မောင်ရှင်စော |
| ထုတ်ဝေသူ = နှစ်ကာလများ စာအုပ်တိုက် |
| တန်ဖိုး = ၂၅၀၀ ကျပ် |

ကဗျာဆရာမောင်ရှင်စောရဲ့ ရှစ်လေးလုံးနောက်ခံအရေးအသားလက်ရာ လုံးချင်းဝတ္ထုဖြစ်ပါသည်။ ကဗျာဆရာဖြစ်သည့်အတွက် အရေးအသားများမှာ သစ်လွင်လတ်ဆတ်ပြီး တင်ပြပုံများမှာလည်းလှပကာ သမားရိုးကျ အရေးအသားလက်ရာများနှင့် ကွဲထွက်ပါသည်။ မောင်ရှင်စောမှာ ရှစ်လေးလုံးကာလကို ကိုယ်တိုင်ဖြတ်သန်းလာသည့် စက်မှုကျောင်းသားတစ်ယောက်ဖြစ်သည့် အတွက်ဇာတ်လမ်းပါအဖြစ်အပျက်များ အကြောင်းအရာဇာတ်ကောင်များမှာ ပြင်ပတွင်တကယ်ရှိခဲ့သည့် ဇာတ်ကောင်များဖြစ်ပါသည်။ ကြေကွဲစရာ အမှောင်ကာလကြီးကို ဖြတ်သန်းခဲ့ရသည့်ကာလများမှ နှင်းရိပ်ပြာမှောင်သည် ကြေကွဲစရာ ကောင်းလွန်းလှပါသည်။

အတိတ်ကို တွေးတောအောက်မေ့ရသည်မှာ အခြားသူတို့အတွက် ခံစားချက်များ အသီးသီးရှိကြမည်ဖြစ်သော်လည်းမောင့်အဖို့တော့ မုတ်သုန်ရာသီတွင် တရိပ်ရိပ်ပြေးသော မိုးတိမ်တို့အပေါ်၌ မှုံးမှိုက်ရသလိုပါပင်။ မျက်လှည့်ဆရာ၏ လက်ထဲမှ မှော်သေတ္တာကဲ့သို့လည်း အပြောင်းအလဲတို့က မြန်ဆန်လွန်းလှသည်ထင်မိ၏။ မမနှင်းကား လေအဝေ့တွင် ရှပ်တိုက်ပြေးလွှားရရှာသော မြက်ခြောက်ပင်တစ်ပင်ဖြစ်ခဲ့ပြီး မိုးကြိုးမုန်တိုင်းတို့ လှိုင်းထန်နေချိန်တွင် ကြွတ်ဆတ်သောသစ်ကိုင်း၌ခိုနားခဲ့မိသော မိုးခိုငှက်တစ်ကောင်လည်းဖြစ်ခဲ့၏။

ကိုယ်စီကိုယ်ငဘဝတို့အား ဖြစ်စေပျက်စေဟု လက်ညှိုးထိုးခိုင်းစေတတ်သော တန်ခိုးရှင်ဆိုသည်မှာ အမှန်တကယ်ရှိခဲ့သည်ဆိုငြားအံ့။ ထိုသူသည် မစာနာမနာကျင်တတ်သူသာ ဖြစ်ပါလိမ့်မည်။ သူခနှင့်ဒုက္ခတို့အား ပြေပြစ်မျှတသမအောင်ရောမွှေ၍ ရှပ်ပုံကားချပ်တို့ ဖန်ဆင်းရာတွင် ဆေးစပ်မကျွမ်းကျင်သော ပန်းချီဆရာပင် ဖြစ်ပေလိမ့်မည်။ သူ၏ မကျွမ်းကျင်မှုအတွက် မောင်ကမမနှင်းအပေါ် ကြားထဲက အားနာရသည်လေ။ မဖြောင့်စင်းသော ဘဝတို့အတွက်လည်း သူ့အပေါ် နာခံရန်ခက်လေသည်။ ကံကံ၏ အကျိုးဟု ယိုးစွပ်ရအောင်လည်း အရာရာတွင် သိမ်မွေ့ဖြူစင်လှသော မမနှင်း၏ စိတ်ဝိညာဉ်နှင့် လွန်းဆင်ပေါင်းကူးထားသည့် လွန်ခဲ့သောဘဝက မမနှင်းသည် ဤမျှယုတ်မာဆိုးသွမ်းသူဖြစ်လိမ့်မည်ဟူ၍ကား မောင်ကတော့ မထင်ရက်ပါချေ မမနှင်း။ (စာ - ၁၉ မှ)

## ကဗျာကဏ္ဍ

### ပြည်ထောင်စု ငါ့သမ္မတနိုင်ငံတော်

ဆားမပါတော့လည်း
ဟင်းကပေါ့နေပြန်ပေါ့။
ဆားများသွားပြန်တော့လည်း
ဟင်းက အလေးဘက်သာသွားပြန်တာပဲ။

ငါ့နိုင်ငံရေးမှာ
ဆားငံတာလည်း ငါ့အကြောင်း
ဆားပေါ့တာလည်း ငါ့အကြောင်း
နံနက်ခင်းရောက်လာမယ့်သတင်းစာလည်း ငါ့အကြောင်း
ခြေတုတပ်ထားတဲ့ လမ်းဘေးကလူကလည်း ငါ့အကြောင်း
ခြေတုတပ်မထားတဲ့ လမ်းဘေးကလူကလည်း ငါ့အကြောင်း
အဖြူအစိမ်းဝတ်ပြီး လွယ်အိတ်လွယ်ထားတဲ့
ကျောင်းသူတွေကလည်း ငါ့အကြောင်း
မိုးကျလို့ ထွန်ချတာလည်း ငါ့အကြောင်း
အလုပ်မှာ OT ဆင်းရတာလည်း ငါ့အကြောင်း
ထမင်းနပ်မမှန်တဲ့ အိမ်ခြေရာမဲ့တာလည်း ငါ့အကြောင်း
KTV ထဲက
ဝမ်းစာရှာသူ ကောင်မလေးကလည်း ငါ့အကြောင်း
အသက်မပြည့်သေးတဲ့ လက်ဖက်ရည်ဆိုင်က
စားပွဲထိုးလေးကလည်း ငါ့အကြောင်း
ငါးကြင်းဆီနဲ့ ငါးကြင်းပြန်ကြော်တဲ့
လက်တစ်ဆုပ်စာ ခရိုနီအမှိုက်တွေကလည်း ငါ့အကြောင်း
တောင်တန်းတွေမှာ မိဝေးဖဝေး
ပညာဖြန့်ဝေနေတဲ့ ဆရာတွေလည်း ငါ့အကြောင်းပဲ။

ငါ့အကြောင်းတွေနဲ့
မြည့်နေအောင်သွေးထားတဲ့နိုင်ငံရေးမှာ
ငါဟာ ပြည်သူပြည်သားကောင်းတစ်ယောက်ဖြစ်တယ်။
ဒါဟာ နိုင်ငံရေးပဲ
ငါ့ဒီမိုကရေစီအရေးပဲ
ငါ့နိုင်ငံ ငါ့ဒီမိုကရေစီအတွက် ငါဟာ
မေတ္တာတရားနဲ့ နောက်ဆုံးထွက်သက်အထိ
တိုက်ပွဲဝင်ရမယ်။
ငါ့နိုင်ငံမှာ
ငါ့နိုင်ငံရေးမှာ
ငါ့ဒီမိုကရေစီစံမှာ
ငါတို့ဟာ ဦးခွေးဆံမြည့်။ ။

သုတလင်း(ဆင်ပေါင်ဝဲ)



# လုံခြုံရေးတွေအောက်က မလုံခြုံသော ဘဝများ....

**သတ်ဖြတ်ပြီး မြေမြှုပ်ခြင်းခံရတဲ့ မိုင်းခေါင်စစ်ကျောင်းနှစ်ဦးနဲ့ပတ်သက်ပြီး မိုင်းခေါင်ကျေးရွာနဲ့ အနီးတစ်ဝိုက်မှာရှိတဲ့ ကျေးရွာက ဒေသခံတွေရဲ့စိုးရိမ်ပူပန်နေမှုတွေကို မြစ်ကြီးနားသတင်းဂျာနယ်မှ သတင်းထောက်စည်သူက သွားရောက်တွေ့ဆုံပြီး မေးမြန်းထားတာတွေကို အောက်ပါအတိုင်း ဖော်ပြပေးလိုက်ပါတယ်။**



**ဦးဇော်ရိန် (ဂျေဆွမ်ကျေးရွာ)**

ဒီကိစ္စတွေကို နိုင်ငံတော်အစိုးရလည်း သိတယ်။ ကချင်ပြည်နယ်ဝန်ကြီးချုပ်လည်း သိနေတာပဲ။ ထွေထွေထူးထူးကို ပြောစရာ မလိုတော့ဘူး။ ဒီနေရာမှာ ဒီလိုဖြစ်နေတာ အခုမှမဟုတ်ဘူး။ ဟိုးရှေးကတည်း ဖြစ်နေတာ။ ဒီလို သတ်ဖြတ်နေတာဆိုတာတော့ လက်ရှိအစိုးအရအတွက်တော့ ထမင်းစားရေသောက်လောက်ပဲ ရှိတယ်။ တိုင်းရင်းသားလူထုတွေကို ဒီလိုလုပ်ဖို့ ဝန်မလေးတော့ဘူးပေါ့။ ဘာကိုစိုးရိမ်လဲဆိုတော့ အပြင်ထွက်လုပ်မရတဲ့အခါကျတော့ စားဝတ်နေရေးစိုးရိမ်ရတယ်။ အပြင်ထွက်လုပ်ရင်လည်း အသက်အန္တရာယ်စိုးရိမ်ရတယ်။

**ဒေါ်ကိုင်လိန် (မုန်းဒိန်ပါကျေးရွာ)**

ကျွန်မတို့ကို ဟိုဘက်လမ်းမသွားနဲ့ ဒီဘက်လမ်းမသွားနဲ့လို့တားကြပေမယ့်လည်း သွားတဲ့သူတွေရှိတယ်။ တောင်ယာတွေ လုပ်ထားတယ်။ လယ်တွေလည်း လုပ်ထားတယ်။ ကျွဲတွေ၊ နွားတွေလည်းရှိတယ်ဆိုတော့သွားကြည့်ကြရတာပေါ့။ ကြောက်တော့ အရမ်းကြောက်တာပေါ့။ ဒါပေမယ့်လည်း မသွားမဖြစ်ဆိုရင်တော့ အခြေအနေကို ကြည့်ပြီးသွားတာပေါ့။ အဲဒီလို သတ်ဖြတ်တာတွေ ခဏခဏဖြစ်နေတဲ့အခါကြတော့ ကြောက်တော့ အရမ်းကြောက်ပါတယ်။





**ကိုဘောက်လွမ် (ခပရာကျေးရွာ)**

အခုနောက်ပိုင်းကြတော့ သွားကိုမသွားရဲတော့ဘူး ကျွန်တော်တို့က အဲဒီရွာတွေဘက်မှာ ဟင်းသီးဟင်းရွက်တွေ သွားကောက်စားတာလေ။ မာရှယ်လောတွေဘာတွေ ထုတ်ထားတော့ ဘယ်သူမှလည်း မသွားရဲဘူး။ အဲဒီဘက်သွားတဲ့သူတွေကို အကုန်လုံး ရန်သူလို့ သတ်မှတ်ထားတာ။ အကုန်လုံး ပစ်သတ်မယ်လို့ ပြောထားတာ။

**ဒေါ်ကော့ခမ်း (နန့်ဖူကျေးရွာ)**

လုံခြုံရေးနဲ့ ပတ်သက်ပြီးတော့ပြောရရင် ဘာမှလုံခြုံမှု မရှိတော့ဘူး။ ဘယ်တစ်ယောက် ထပ်ပျောက်ဦးမလဲ။ ဘယ်သူ ထပ်သေဦးမလဲပဲ တွေးပူနေရတာပေါ့။ ဘယ်မှလည်းမသွားရ။ တောင်ယာလည်းမရှာရဆိုတော့ စားရေးသောက်ရေးမှာ အရမ်းကို အခက်အခဲဖြစ်ရတယ်။ နည်းနည်းမှကို မလုံခြုံတော့တာ။ တောထဲထွက်ရင်လည်း ဘယ်ကနေ လာပစ်သွားမလဲဆိုပြီး ကြောက်နေရတယ်။ ရခိုင်ပြည်နယ်မှာဆိုကျင်းတစ်ကျင်းထဲမှာ သတ်ပြီးထားတာ လူတွေအများကြီးပဲ။ အန်တီတို့လည်း အဲဒီလိုဖြစ်လာမလားလို့ တောင် ထင်ရတယ်။





**မဂျီးပါ (သေဆုံးသူ ကိုဇော်ဆန်းအောမ)**
**(မိုင်းခေါင် ကက်သလစ်စစ်ကျောင်းစခန်း)**

တရားမျှတမှု ရှိစေချင်ပါတယ်။ ကျွန်မမောင်လေးကိုပဲ ဆုတောင်းပေးနေပါတယ်။ ကျွန်မတို့အတွက် လုံခြုံမှုဆိုတာ မရှိတော့ပါဘူး။ ပြည်သူတွေရဲ့ လုံခြုံမှုက ဒီဘက်မှာတော့ ဘာမှကို မရှိတော့တာ။ ကျွန်မမောင်လေးက သက်သေပါပဲ။ ■

## Movie View

**▶ ယခုအပတ် ရော(မြစ်ကြီးနား)ရုပ်ရှင်ရုံတွင် ရုံတင်ပြသမည့် ဇာတ်ကားများ**

ရက်စွဲ - မတ် ၁၆ မှ မတ် ၂၂ ရက်ထိ
မြန်မာကား - ရွှေကြာ
ပွဲချိန် - နေ့လယ် ၁၂ နာရီ ၆ နာရီခွဲ
နိုင်ငံခြားကား - The Hurricane Heist
ပွဲချိန် - ညနေ ၃ နာရီခွဲ









| အသုံးဝင်သော ဖုန်းနံပါတ်များ | |
|---|---|
| ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး | ၀၇၄-၂၂၃၆၃၊ ၂၂၄၄၄ |
| မြို့မရဲစခန်း | ၀၇၄-၂၂၆၀၄ |
| နယ်မြေရဲစခန်း | ၀၇၄-၂၂၆၀၅ |
| မူးယစ်(အထူး) | ၀၇၄-၂၀၈၉၈ |
| မှုခင်းရဲတပ်ဖွဲ့ | ၀၇၄-၂၃၉၃၇ |
| ယာဉ်ထိန်းရဲ | ၀၇၄-၂၂၃၀၈ |
| မီးသတ်တပ်ဖွဲ့ | ၀၇၄-၂၂၄၆၇ |
| လူကုန်ကူးမှုတားဆီးရေး | ၀၇၄-၂၀၈၉၈ |
| ပြည်သူ့ဆေးရုံ (ဆေးရုံအုပ်ကြီး) | ၀၇၄-၂၂၃၀၃ |

မြစ်ကြီးနားသတင်းဂျာနယ်
(မတ် ၁၆ - မတ် ၂၂၊ ၂၀၁၈)

# ဦးလဆန်အောင်ဝါကို အောင်ရာယန်တွင် စိုက်ပျိုးရေးလုပ်သူက တရားရုံးတွင် တိုင်တန်း

မတ် ၁၀

ဝေ့ထုကျေးရွာ၊ အောင်ရာယန်ရွာသစ်အတွင်းရှိ တောင်သူတစ်ဦး၏ နှစ်ရှည်ပင်များနှင့် သီးနှံပင်များကို မီးရှို့ဖျက်ဆီးပြီး ခြံမြေကို သိမ်းယူသွားသည့် ပြည်သူ့စစ်ဥက္ကဋ္ဌဦးလဆန်အောင်ဝါအား တရားဥပဒေအရ အရေးယူဆောင်ရွက်ပေးရန် ယင်းတောင်သူက မြစ်ကြီးနားမြို့နယ်တရားရုံးတွင် တိုင်တန်းထားသည်ဟု သိရသည်။

ဦးလဆန်အောင်ဝါအား မြစ်ကြီးနားမြို့နယ် တရားရုံးတွင် အမှုဖွင့်ထားသူသည် တပ်ကုန်းရပ်ကွက်တွင်နေထိုင်ပြီး အောင်ရာယန်ကျေးရွာတွင် သွားရောက်စိုက်ခင်းပြုလုပ်သည့် တောင်သူဦးတိန့်ဘောမ်ဆိုသူဖြစ်ပြီး ၎င်းနှင့်မိသားစုဝင်များ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် လုပ်ကိုင်စိုက်ပျိုးနေသော နှစ်ရှည်ပင်များကို အထက်ပါအတိုင်း မီးရှို့ဖျက်ဆီးခြင်းခံခဲ့ရသည့်အတွက် အမှုဖွင့်ရခြင်းဖြစ်ကြောင်း ဦးတိန့်ဘောမ်ကရှင်းပြသည်။

“အိုစာမင်းစာအတွက် ဒီခြံကို လုပ်ထားတာပါ။ အခု ဖျက်ဆီးခံလိုက်ရပြီဆိုတော့ လျော်ကြေးလိုချင်ပါတယ်။ ကျွန်တော်တို့အသက်က မငယ်တော့ဘူးဆိုတော့ သစ်ပင်တွေပြန်စိုက်မယ်ဆိုရင်လည်းမဖြစ်နိုင်တော့တဲ့အတွက် လျော်ကြေးငွေ လိုချင်တယ်။ သူနဲ့ရန်ပြိုးလည်း မဖြစ်ချင်ဘူး။ အဆင်ပြေပြေနဲ့ပဲ ပြီးသွားချင်တယ်”ဟု အသက် ၈၇ နှစ်အရွယ် ဦးတိန့်ဘောမ်က ပြောသည်။

ဦးတိန့်ဘောမ်နှင့် မိသားစုသည်၎င်းတို့၏ခြံမြေအတွင်း တည်းပင် ၇၀၀၊ သစ်မွှေးပင် ၂၄၇၀၀၊ နဂါးမောက် ၂၀၀၊ နာနတ်ပင် ၂၀၀၊ ငှက်ပျောပင် ၇၂၀ နှင့် အခြားသော နှစ်ရှည်သီးနှံပင်များကို စိုက်ပျိုးထားပြီး ထိုအပင်များအားလုံး မီးရှို့ဖျက်ဆီးခံလိုက်ရသည့်အပြင် မြေနေရာလည်း သိမ်းယူခြင်းခံလိုက်ရသည့်အတွက် လျော်ကြေးအဖြစ် ငွေကျပ် သိန်း ၅၀၀၀ ရရှိလိုကြောင်း ဦးတိန့်ဘောမ်၏ ပြောကြားချက်အရ သိရသည်။

၎င်းတို့မိသားစုသည် အဆိုပါနှစ်ရှည်ပင်များကို ၂၀၀၆ ခုနှစ်ကတည်းက စတင်စိုက်ပျိုးထားကြခြင်းဖြစ်ပြီး ထိုအပင်များမှရရှိသည့် အသီးအနှံများကိုရောင်းချ၍ စားသောက်နေကြသည်မှာ ၆ နှစ်ကျော်ခန့်ရှိပြီဖြစ်ကြောင်း သိရသည်။

“အစက ရှိတာက ၈က ၆၀ လောက်ရှိတာ။ အဲဒီစိုက်ခင်းတွေကို ဦးလဆန်အောင်ဝါက ၂၀၀၆ ခုနှစ်ကစပြီး ဖျက်ဆီးလာခဲ့တာ အခုဆို ၈က ၂၀ လောက်ပဲ ကျန်တော့တယ်”ဟု ဦးတိန့်ဘောမ်က ပြောသည်။

စိုက်ခင်းများအား စတင်ဖျက်ဆီးခံရစဉ်ကတည်းက လျော်ကြေးငွေ ပြန်လည်ရရှိရန် ဦးလဆန်အောင်ဝါထံ ခြံရှင် ၄ ဦးစုပေါင်း၍ ကချင်ရိုးရာဓလေ့ထုံးစံအရ သွားရောက်ညှိနှိုင်းခဲ့သော်လည်း မည်သို့သောဖြေရှင်းမှုမျိုးမှမရရှိသည့်အတွက် ယခုကဲ့သို့ တရားဥပဒေအရ အရေးယူဆောင်ရွက်ပေးရန် မြစ်ကြီးနားမြို့နယ်တရားရုံးတွင် ဦးတိုက်လျှောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

“ဦးလဆန်အောင်ဝါနဲ့ ရန်ငြိုးဖြစ်မှာလည်း မလိုချင်ဘူး။ ခရစ်ယာန်အချင်းချင်း ခရစ်တော်ရဲ့ချစ်ခြင်းမေတ္တာနဲ့ပဲပြေလည်ချင်တယ်။ နေပူမိုးရွာ မရှောင် ၁၀နှစ်ကျော်လုပ်ထားတဲ့ခြံ ဖြစ်တဲ့အတွက် လျော်ကြေးတော့ လိုချင်တယ်။ အခုက တရားရုံးရဲ့ ဆုံးဖြတ်ချက်ကိုခံယူဖို့စောင့်နေပါတယ်”ဟု ဦးတိန့်ဘောမ်က ပြောသည်။

အောင်ရာယန် ရွာသစ်သည် ဝေ့ထုကျေးရွာ၏ ရပ်ကွက်(၆)အထက်ဘက်၌ ရှိကြောင်း၊ ယင်းမြေများ မြေလွတ်၊ မြေရိုင်းဖြစ်စဉ်ချိန်ကတည်းက ဓားမဦးချလုပ်ကိုင်ခဲ့သည့် ထိုကျေးရွာရှိ ဒေသခံ ၄၅ ဦး၏ ခြံများသည်လည်း ဦးတိန့်ဘောမ်၏ခြံကဲ့သို့ ခုတ်ထွင်းရှင်းလင်းခြင်း ခံခဲ့ရကြောင်း၊ ၎င်းတို့ကိုလည်း ဦးလဆန်အောင်ဝါက လက်ရှိအချိန်ထိ နစ်နာကြေး၊ လျော်ကြေး တစ်စုံတရာ ပေးခြင်းမရှိကြောင်း သိရသည်။

သို့သော်လည်း လျော်ကြေးငွေရရှိရန်အတွက် တရားဥပဒေအရ အမှုဖွင့်တိုင်ကြားခြင်းကို ဦးတိန့်ဘောမ်နှင့် မိသားစုကဲ့သို့ အခြားဒေသခံများက ပြုလုပ်ခြင်းမရှိခဲ့ကြောင်း သိရသည်။

မွန်းမွန်းပန်

# သိမ်အင်းရပ်ကွက်တွင် မူးယစ်ဆေးရောင်းသူ အမျိုးသမီးအား ဖမ်းဆီးရမိ

မတ် ၁၁

မိုးညှင်းမြို့နယ်၊ သိမ်အင်းရပ်ကွက်အတွင်း မူးယစ်ဆေးရောင်းချနေသူ အမျိုးသမီးတစ်ဦးအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါ ဖမ်းဆီးရမိသည့် အမျိုးသမီးသည် အသက် ၄၀ အရွယ် မခင်ယု(ခ)မယု ဆိုသူဖြစ်ပြီး မတ်လ ၈ ရက်တွင် ၎င်း၏နေအိမ်အတွင်းမူးယစ်ဆေးများနှင့်အတူ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

“မူးယစ်ဆေးဝါးတွေ ရောင်းနေတယ်လို့ သတင်းရလို့ ရှာဖွေခွင့်ဝရမ်းနဲ့ ဝင်ရှာပြီး ဖမ်းဆီးခဲ့တာပါ”ဟု မိုးညှင်းမြို့မရဲစခန်းရှိ နယ်ထိန်းအဖွဲ့မှ ဒုတပ်ကြပ်စန်းအောင်က ပြောသည်။

ထိုသို့ သွားရောက်ရှာဖွေရာ၌ မခင်ယုဆိုသူ၏ နေအိမ်ညှော်ခန်းအတွင်းရှိ ဘုရားစင်အောက်တွင် ဘိန်းဖြူဟုယူဆရသည့် ဖြူ/ဝါကြား အရောင်နှင့်အမှုန့် ၁ ဂရမ်ခန့်၊ အရှည် ၂ လက်မခန့် ရောင်စုံအဖေးပိုက်များအတွင်း မီးပိတ်ကာထည့်ထားသည့် ဘိန်းဖြူဟုယူဆရသော ဖြူ/ဝါကြားအရောင်ရှိ အမှုန့် ၀ ဒသမ ၄၂ ဂရမ်ခန့်အပြင် စိတ်ကြွရူးသွပ်ဆေးပြားဟု ယူဆရသော ၈၈/၀ စာတန်းပါ ပန်းရောင်ဆေးပြား ၁၅၀ ပြားများကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ရဲမှတ်တမ်းများအရ သိရသည်။

ထိုဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများသည် ကာလတန်ဖိုးအားဖြင့် ငွေကျပ် ၅သိန်း ၄ သောင်းကျော် တန်ဖိုးရှိသည်ဟု သိရသည်။

အဆိုပါဖြစ်စဉ်ကြောင့် မူးယစ်ဆေးများနှင့်အတူ ဖမ်းဆီးရမိခဲ့သော မခင်ယု(ခ)မယု ဆိုသူအား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသည့် ဥပဒေပုဒ်မ ၁၉(က)ဖြင့် ဖမ်းဆီးအရေးယူထားကြောင်း မိုးညှင်းမြို့မရဲစခန်းမှ သိရသည်။

ထွန်းထွန်း (မိုးညှင်း)

# မန်းဗော် – လွယ်ဂျယ်လမ်းတွင် ဘုရားဖူးယာဉ်တစ်စီး တိမ်းမှောက်ပြီး ချောက်ထဲကျသွားခြင်းကြောင့် အမျိုးသမီး ၅ ဦးသေဆုံး

မတ် ၉

ပန်းမော်မှ လွယ်ဂျယ်သို့ သွားသောလမ်းပေါ်တွင် ဘုရားဖူးယာဉ်တစ်စီး ဘရိတ်ပေါက်ရာမှ ချောက်ထဲသို့တိမ်းမှောက်သွားသောကြောင့် ထိုယာဉ်ပေါ်တွင် လိုက်ပါလာသည့် အမျိုးသမီး ၅ ဦး သေဆုံးသွားခဲ့ကြောင်း သိရသည်။

အဆိုပါ တိမ်းမှောက်သွားသည့်ယာဉ်သည် ဇလုံတောင်နှင့် အင်းတော်ကြီးသို့ ဘုရားဖူးသွားပြီးပြန်လာသည့်ယာဉ်ဖြစ်ပြီး ထိုဖြစ်စဉ်သည် မတ်လ ၇ ရက်တွင် ဖြစ်ပွားသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ ဘရိတ်ပေါက်သွားခြင်းကြောင့် အဆိုပါယာဉ်သည် အနက်ပေ ၂၀၀ ခန့်ရှိသည့်ချောက်ထဲသို့ ကျသွားခြင်းဖြစ်ပြီး ကားပေါ်တွင်လိုက်ပါလာသည့် ခရီးသွား အမျိုးသမီး ၁၄ ဦး အနက် အမျိုးသမီး ၅ ဦး သေဆုံးသွားကာ ယာဉ်မောင်းအမျိုးသားတစ်ဦး အပါအဝင် ကျန်အမျိုးသမီး ၉ ဦးမှာ စိုးရိမ်ရသည့်ဒဏ်ရာများ ရရှိခဲ့ကြကြောင်း သိရသည်။

အဆိုပါ ကားတိမ်းမှောက်မှုကြောင့် ဒဏ်ရာရရှိသူ ၁၀ ဦးကို လွယ်ဂျယ်ဆေးရုံတွင် အတွင်းလူနာများအဖြစ် ဆေးကုသမှုများ ပေးနေရသည်ဟု ပြည်နယ်ရဲတပ်ဖွဲ့ရုံးမှ ရရှိသည့်အချက်အလက်များအရ သိရသည်။

“အဲဒီလမ်းမှာ အခုလိုယာဉ်တိမ်းမှောက်တာက ဒီနှစ်ပထမဆုံး ဖြစ်တာပါ။ တခြားယာဉ်မတော်တဆမှုတော့ ရှိချင်ရှိမယ်။ အခုလို သေတာမျိုးက ဒါပထမဆုံးပါ။ မနှစ်ကတော့ ဆန်ကားတစ်စီး ချောက်ထဲ ကျသွားတာတော့ ရှိတယ်”ဟု ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယရဲမှူးကြီး မျိုးသူရနောင်ကပြောသည်။

မွန်းမွန်းပန်

# တရားမဝင် အမိုနီယမ်နိုက်ထရိတ် တင်ဆောင်လာသော ကားများအား ဖမ်းဆီးရမိ

မတ် ၁၃

တရားမဝင် အမိုနီယမ်နိုက်ထရိတ်များ တင်ဆောင်လာသော ၆ ဘီးယာဉ် ၃ စီးနှင့် အိမ်စီးယာဉ်တစ်စီးအား မိုးညှင်းမြို့နယ်၊ အင်းတော်ကြီးဒေသတွင် တပ်မတော်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါယာဉ်များသည် အင်းတော်ကြီးဒေသရှိနန့်ပတဲကျေးရွာမှ လွဲမွန်ကျေးရွာသို့ ဖြတ်သန်းလာစဉ် လုံးတုံးတပ်စခန်း ခလရ(၂၅၇)ရှိ တာဝန်ရှိသူများက ယခုလ ၆ ရက် ညနေ ၃ နာရီခန့်တွင် ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း မိုးညှင်းမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှရရှိသည့် အချက်အလက်များအရ သိရသည်။

“အခုဖမ်းဆီးထားတဲ့ အမိုနီယမ်နိုက်ထရိတ်တွေကို ပန်းမောက်မြို့နယ်ဘက်က သစ်လုံးသယ်ဆောင်တဲ့ လမ်းဟောင်းတွေအတိုင်း သယ်လာကြတာ။ ဇီးပင်ကျေးရွာမှာ စုပုံထားပြီး ဟိုပင် - ဖားကန့် လမ်းကြောင်းအတိုင်း သယ်ယူဖို့ လုပ်ဆောင်နေတယ်လို့ စစ်ဆေးချက်အရသိရပါတယ်”ဟု လုံးတုံးနယ်မြေရဲစခန်းမှ စခန်းမှူးရဲအုပ်ဗျက်ဆန်းက ပြောသည်။

အဆိုပါဖြစ်စဉ်တွင် ပါဝင်ခဲ့သည့်ဖားကန့်မြို့နယ်၊ အောင်ရာရပ်ကွက်တွင် နေထိုင်သူတစ်ဦးနှင့် အင်းတော်ကြီးဒေသ၊ နန့်မွန်းကျေးရွာရှိ ရှမ်းကုန်းရပ်ကွက်တွင် နေထိုင်သူတစ်ဦးအပြင် စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်၊ နားခါးကျေးရွာတွင် နေထိုင်သူတစ်ဦးတို့သည် ၎င်းတို့ မောင်းနှင်လာသောယာဉ်ပေါ်တွင် အမိုနီယမ်နိုက်ထရိတ် အိတ်ပေါင်း ၃၀၀၊ စုစုပေါင်း အိတ် ၉၀၀၊ အလေးချိန် ၃၆၀၀၀ ကီလိုဂရမ်တို့ကို တရားဝင်လိုင်စင်မရှိဘဲ ဖားကန့်မြို့နယ်အတွင်းသို့ သယ်ယူနေသည်ကို စစ်ဆေးတွေ့ရှိခဲ့ရကြောင်း ရဲမှတ်တမ်းများအရ သိရသည်။

အထက်ပါဖြစ်စဉ်တွင် အမိုနီယမ်နိုက်ထရိတ်(ယမ်းစိမ်း)များအား တရားမဝင်သယ်ဆောင်မောင်းနှင်လာသော ထိုလူသုံးဦးနှင့် ထိုယာဉ်များရှေ့တွေ ရှေ့ပြေးယာဉ်အဖြစ် မောင်းနှင်လာသည့် IH/9977 အိမ်စီးယာဉ် မောင်းနှင်လာသူတို့အား အန္တရာယ်မှ တားဆီးကာ ကွယ်ရေးဥပဒေပုဒ်မ ၃၇၊ ၃၈ ဖြင့် လုံးတုံးနယ်မြေရဲစခန်းတွင် ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ထွန်းထွန်း(မိုးညှင်း)



ICRC

The International Committee of the Red Cross (ICRC) delegation in the Republic of the Union of Myanmar is an independent, impartial and neutral humanitarian organization. The ICRC undertakes humanitarian activities in various regions of the country and promotes international humanitarian law and universal humanitarian principles.

ICRC

**The ICRC is looking for suitable candidates to fill the following vacancy:**

**Technical Worker**

**Reference Number: ADMIN_MYI_2018002 To be based in Myintkyina**
To be based in Myintkyina with frequent travel to Kachin State

**Duties and Responsibilities**

- As a Technical Worker, you will report to the Premises and Maintenance Responsible on the on-going maintenance activities, and proposes improvements.
- You will ensures that the generators, water pumps, sewage system, electrical board and lights are functioning and liaise with the concerned department for technical support.
- You will also maintain and repair the technical tools, equipment, and consumables in good condition of use and at appropriate storage places.
- As part of your duties, you will perform and repair minor plumbing, drainage, painting, mason, carpentry work and other basic technical maintenance work.
- You will install and repairs electrical network of the delegation and residences (short circuits fuses, lamps, cables, electrical lightning fixtures and security lights.
- Furthermore, you will maintain and perform minor repairs relating to power supply for electric equipment as copiers, printers, refrigerators and air-condition of the delegation and office.
- You will maintain servicing to overhead tank, ground tank and septic tanks in collaboration with external team and repairs and disinfect of septic tanks and latrines.

**Required profile**

- Professional education or technical diploma or equivalent and some vocational training required.
- 3 years work experience in similar field.
- Your communication skills should be excellent and you should have basic knowledge in written and spoken English as well as Myanmar language. Previous ICRC experience is also a strong asset.
- Humanitarian organization experience is a strong asset.

**What we offer**

- We offer an employment contract of 12 months with the possibility of extension.
- Fair compensation package including, for example, medical coverage and transportation allowances.
- Various training opportunities to develop and strengthen the quality of the services provided to our beneficiaries as well as to support our staff members' professional and personal development.

All applications should include an **updated CV** and a **cover letter** expressing your motivation working with the ICRC and in the vacant position in English language. Your application should include contact details of three professional referees minimum, as well as your salary expectations.

Please send your application no later than **05 April 2018**. Interviews are expected to take place within 2 weeks days after the application closing date.

You can also submit your application via mail to:
**yan_hr_services@icrc.org**
ICRC - Human Resources Department
No.2(C)-5, Kaba Aye Pagoda Road
8th Mile, Mayangone Township
Yangon
Or
akhaing@icrc.org
ICRC Sub Delegation Myitkyina- Human Resources Department
448, Myay Myint Ward, Lane 13,
Myitkyina, Kachin State.

## KBZ Air Line (Daily)

| Yangon | Mandalay | Myitkyina | Mandalay | Yangon |
|---|---|---|---|---|
| 13:00 | 14:00 | 16:00 | 17:30 | 18:55 |

## Myanmar National Airlines (Daily)

| Myitkyina - Yangon | |
|---|---|
| ထွက်ချိန် | 4:25 |
| ကျက်ချိန် | ------- |

| Myitkyina - Potao | |
|---|---|
| ထွက်ချိန် | 10:00 |
| ကျက်ချိန် | ------- |

| Myitkyina - Banmaw | |
|---|---|
| ထွက်ချိန် | 12:45 |
| ကျက်ချိန် | ------- |

## ဝန်ထမ်းအလိုရှိသည်

**Allianz**
Admin - မ (၁)ဦး
Marketing - ကျား၊မ (၁)ဦး
Techmical support - ကျား(၁)ဦး
Office helper - ကျား(၁)ဦး
၀၉ - ၄၄၀၀၀၂၂၇၆

ကျား(၁)ဦး
ဆက်သွယ်ရန်ဖုန်း -
၀၉ ၄၂၀၅၃၃၃၃၂၊
၀၉ ၇၆၇၀၇၅၆၀၆
အသက် ၁၈ နှစ်အထက် ဖြစ်ရမည်။

Dear Wedding Photo Studio
ဝန်ထမ်းအလိုရှိသည်

**Amazing View**
အမျိုးသမီးဝန်ထမ်း အလိုရှိသည်။

**ယူနိုက်တက် ဟိုတယ်**
ဝိတ်တာ
ကျား(၁) ဦး၊ မ(၁)ဦး
Breakfast အကူ မ (၁)ဦး

**မြစ်ဆုံဟိုတယ်**
တရုတ်စကားပြောကျွမ်းကျင်သူ အမျိုးသားယာဉ်မောင်း (၃)ဦး အလိုရှိသည်။
၀၉-၇၇၆၀၂၃၄၅၆ယ
၀၉၇၆၉၀၂၃၄၅၆

**ဟာဝိုင်ယီ အအေးဆိုင်**
စားပွဲထိုး (၂) ဦး
ပန်းကန်ဆေး (၁) ဦး

**ဥမ္မာဇိနပ်ဆိုင်**
အရောင်းစာရေးမ (၁)ဦး

**Grace Beauty Spa**
ဝန်ထမ်း မ (၁) ဦးအလိုရှိသည်။
၀၉-၇၇၄၇၃၆၅၀၀

**Wun Tawp Motel**
ကျား(၁)ဦး၊ မ(၁)ဦး
မှတ်ချက် - လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။

**Hotel Madira**
Receptionist (1) post
(Fluent in chinese language)
Bartender (1)post
Waiter(F&B) (1)post

**မြေမြင့်အပေါင်ဆိုင်**
စာရေးမ (၁)ဦး

❑ အလုပ်အကိုင်ရှာဖွေနေသူများ၊ မြစ်ကြီးနားသတင်းဂျာနယ်သို့ လာရောက်ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## ဆေးရုံဖုန်းနံပါတ်များ

**(၁) အထွေထွေပြည်သူ့ဆေးရုံကြီး**
Ph - 074-22303 (ဆေးရုံအုပ်ကြီး)

**(၂) အေးသုခ**
(အဆင့်မြင့်ရောဂါရှာဖွေရေးနှင့်အထွေထွေရောဂါကုဆေးရုံ)
Ph - 074 23752,/ 23757/ 23758/ 23759/ 20632,
09 793805866, 0979195573

**(၃) မလိခ္ခပ်**
(အဆင့်မြင့်ရောဂါရှာဖွေရေးနှင့်အထွေထွေရောဂါကုဆေးရုံ)
Ph - 074 28298, 074 21802, 074 21113

**(၄) သင်းသုခ**
(အထွေထွေရောဂါကုဆေးရုံ)
အ. ထ. က(၂)ရှေ့၊ ပေါက်ကုန်းရပ်၊ ပန်းမော်မြို့
Ph - 074 50579, 09 47018065

**(၅) မြတ်မွန်အဆင့်မြင့်ဆေးရုံ**
(ရောဂါရှာဖွေရေးနှင့် အထူးကုဆေးခန်း)
Ph - 074 23257/ 20533/ 21593, 09 24010034, 09 2401035

## Airport Taxi ဖုန်းနံပတ်များ

(၁) ကိုစိုးသိန်း
၀၉ ၄၀၀၀၂၄၃၇၉

(၂) ကိုစိုး
၀၉ ၄၀၀၀၈၃၈၀

(၃) ကိုစိုင်းကို
၀၉ ၄၅၀၅၄၆၂၆၈၆
၀၉ ၇၉၀၄၃၃၇၀၅

(၄) ကိုပြုံးချို
၀၉ ၇၈၄၇၈၇၇၉

(၅) ကိုလွင်ဦး
၀၉ ၅၄၀၄၀၂၉

(၆) ကိုအောင်ဆွေ
၀၉ ၄၄၄၀၃၀၄၉၃

(၇) ကိုလှထွန်း
၀၉ ၂၅၆၄၅၅၂၂၆

# ဒဏ်ရာများနဲ့ ဧရာဝတီ

မြတ်လွေးထက် ရေးသားသည်



မြန်မာ့နိုင်ငံရေးနဲ့ စပ်လျဉ်းပြီးပြောရမယ်ဆိုရင် လွန်ခဲ့တဲ့ အစိုးအရအကြောင်းကို လုံးဝမပြောချင်ပါဘူး။ ဒါပေမယ့်လည်း ပြည်သူ့အစိုးရလုပ်ပိုင်ခွင့်အာဏာရဲ့ လေးပုံသုံးပုံလောက်ကို အစိုးရဟောင်းကပဲ ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံနဲ့ ချုပ်ကိုင်ထားတာမို့ မပြောမပြီး မတီးမမြည်ဆိုသလို ပြောရပါလိမ့်မယ်။ အခုလည်းပဲ အဓိကပြောချင်တာက မြစ်ကြီးနားမြို့ရဲ့ အရှေ့ဘက်ကမ်းမှာရှိတဲ့ နောင်တာလောကျေးရွာ ကမ်းနှဖူးက ဧရာဝတီမြစ်ဝှမ်းထဲမှာ ရောမကျင်းကြီးတွေတူးပြီး သဲကျောက်တွေကို ကားကြီးတွေနဲ့ တောင်ပို့ယာပို့ သယ်နေတဲ့ကိစ္စကိုပြောချင်တာပါ။ သိပ်ကို မင်းမဲ့စရိုက်ဆန်ပါတယ်။ ဒါမှမဟုတ် ပြည်သူ့အစိုးရကို ပြည်သူတွေ ထင်ယောင်ထင်မှားဖြစ်အောင် အရင်အစိုးရဟောင်းထဲက ပျူရိုကရက်တွေက ဖျက်လိုဖျက်ဆီးလုပ်နေကြတာလားလို့တောင် တွေးချင်စရာပါ။ ဘာ့ကြောင့်တုန်းဆိုတော့ ဒီကိစ္စနဲ့ပတ်သက်ပြီး တာဝန်ယူဖြေရှင်းပေးနိုင်တဲ့ ဌာနက ပြည်ထဲရေးဝန်ကြီးဌာနဖြစ်နေလို့ပါပဲ။

ဒီ ပြည်ထဲရေးဌာနရဲ့ လက်အောက်မှာက တိုင်းပြည်ရဲ့ အုပ်ချုပ်ခွင့်အာဏာကို အဓိကချုပ်ကိုင်ထားတဲ့ အထွေထွေအုပ်ချုပ်ရေးဌာနရှိသလို ရဲဌာနနဲ့ ရဲအထူးသတင်းတပ်ဖွဲ့တွေပါ ရှိနေပါတယ်။ ဒါကြောင့် အခုလက်ရှိ ဧရာဝတီမြစ်ဝှမ်းထဲမှာ ရောမကျင်းကြီးတွေဖြစ်အောင် သဲကျောက်တွေကို တောင်ပို့ယာပို့သယ်ထုတ်ပြီး ရွှေတူးဖော်နေကြတာကိုခွင့်ပြုနေတဲ့ဌာနတွေက ဘယ်ဌာနတွေလဲဆိုတာ မေးခွန်းထုတ်ချင်စရာ ဖြစ်နေပါတယ်။ ဒါမှမဟုတ် ဘယ်သူတွေမှာတာဝန်ရှိပါသလဲ။နိုင်ငံတော်ကရော တရားဝင်ခွင့်ပြုထားပါသလား။ နိုင်ငံတော်က တရားဝင် ခွင့်ပြုထားတာမဟုတ်ဘူးဆိုရင်တော့ဖြင့် ဆိုင်ရာဌာနတွေက ကိုယ်တိုင်လည်းအဆင်ပြေ ပြည်သူ့အစိုးရအပေါ်လည်း ပြည်သူတွေ သံသယဝင်လာအောင် ဖြစ်စေတာမို့ ခဲတစ်လုံးတည်းနဲ့ ငှက်နှစ်ကောင်ပစ်သလို လုပ်နေတာလို့ပဲ ပြောရပါလိမ့်မယ်။

ဒီကိစ္စနဲ့ပတ်သက်ပြီး မြင်သာအောင်ဝေဖန်ရရင် စစ်အစိုးရလက်ထက်က ဧရာဝတီမြစ်ပိတ် ရေအားလျှပ်စစ်စီမံကိန်းတွေကို စတင်အကောင်အထည်ဖော်ခဲ့တာပါ။ နောက်ဦးသိန်းစိန်လက်ထက်မှာ ရပ်ဆိုင်းထားဖို့ တိုင်းပြည်ကိုကြေညာခဲ့ပါတယ်။ ဒီအချိန်မှာ ဧရာဝတီမြစ်ပိတ် ရေအားလျှပ်စစ် စီမံကိန်းခုနှစ်ခုရှိစ်ခုလောက်ထဲက ရှေ့ပြေးစီမံကိန်းဖြစ်တဲ့ ချီဖွေငယ်ရေအားလျှပ်စစ်စက်ရုံတစ်ခု တည်ဆောက်ပြီးနေပါပြီ။ ဆိုတော့ ဒီလို ဧရာဝတီမြစ်ရေကျချိန်နွေရာသီမှာဆိုရင် မြစ်ဝှမ်းတစ်လျှောက်လုံး သဲသောင်ကြီးတွေအများအပြားကို ပေါ်ထွန်းလာနေပါတယ်။ ဒီအထိလည်း ပြဿနာမရှိသေးဘူးလို့ထားပါဦး။ ခုဖြစ်နေတာက ဒီလိုပေါ်လာတဲ့ သဲတောင်ကြီးတွေကို မြေထိုးစက် မြေကော်စက် အကြီးစားယန္တရားကြီးတွေနဲ့မြစ်ဝှမ်းကိုဖောက်ပြီး သဲကျောက်တွေ တောင်ပို့ယာပို့ကမ်းပေါ်သယ်ထုတ်ပြီး နှစ်ဆယ့်လေးနာရီလုံး မင်းမဲ့စရိုက်ဆန်ဆန် ရွှေကျင်နေတဲ့ပြဿနာကို ပြောချင်တာပါ။

ဒီလို တရားလွန်အောင် ရွှေကျင်နေကြတဲ့ နေရာတွေကတော့ မြစ်ကြီးနားမြို့အထက်ဘက် ဆယ်မိုင်အကွာလောက်မှာရှိတဲ့ လဘန်ရှိဇန်နာရွာနဲ့ ကရိန်နော်ရွာတွေအပြင်မြစ်ကြီးနားမြို့အရှေ့ဘက်ကမ်းမှာရှိတဲ့ နောင်တာလောရွာတွေဘက်က ဧရာဝတီမြစ်ဝှမ်းတွေမှာပဲဖြစ်ပါတယ်။ ဒါ့အပြင် မြစ်ကြီးနားမြို့အောက်ဘက် မြစ်ရိုးတစ်လျှောက်မှာရှိတဲ့ ခက်ချို့ရွာကနေတာလောကြီးရွာရောက်တဲ့အထိမြစ်ဝှမ်းထဲက သဲသောင်ကြီးတွေကို မြေတူးစက် မြေကော်စက်ယန္တရား အကြီးစားကြီးတွေနဲ့ နေ့စဉ် နှစ်ဆယ့်လေးနာရီ တူးဖော်နေကြတာပါ။ ဧရာဝတီမြစ်ဝှမ်းထဲက သဲထုအောက်က သဲကျောက်တွေကို ဖော်ယူထားတဲ့ တွင်းကြီးတွေဟာဆိုရင် ပေလေးငါးရာပတ်လည်လောက်ကျယ်ဝန်းပြီး အနက်ပေ သုံးလေးဆယ်ထက်မနည်းရှိပါတယ်။

ဒီနေရာမှာပြောချင်တာက မြစ်ကြီးနားမြို့ရဲ့ အရှေ့ဘက်ကမ်းမှာရှိတဲ့ နောင်တာလောကျေးရွာ လုပ်ကွက်တွေကြောင့် ပလမင်းထင်တံတားတိုင်အောက်ခြေတွေကို ထိခိုက်နိုင်သလိုမြစ်ကျိုးအင်းကြီးကို တူးဖော်နေတာဖြစ်တာကြောင့် မြောက်ဘက်ထိပ်ကနေ တောင်ဘက်ထိပ်အထိ တူးဖော်ပြီးရင် မြစ်ကြီးနားမြို့နားမှာ ကပ်ပြီးစီးနေတဲ့ ဧရာဝတီမြစ်ကြောင်းတစ်ခုလုံး ပြောင်းသွားနိုင်ပါတယ်။ ဒါ့အပြင် ရွှေကျင်ပြီးသားဖြစ်တဲ့သဲကျောက်တွေကိုထားဖို့ နေရာတွေအဖြစ် ဒေသခံတောင်သူတွေရဲ့ ဥယျာဉ်ခြံမြေတွေကို ဝယ်ယူအသုံးချနေကြတာမို့ ခြံမြေတွေအများအပြားလည်း ပျက်စီးနေပါပြီ။ ဒါတင်မကပါဘူး သဲကျောက်မျောစာတွေထဲမှာပါတဲ့ ရွှေတွေကို ပျော်ရည်လုပ်ပြီးထုတ်ယူဖို့ ဆိုင်ရာနိုက်အက်ဆစ် (Cyanide Acid) ဓာတ်ပြုကန်တွေကြောင့်လည်း မြေဆီလွှာထိခိုက်မှုနဲ့ လေထုညစ်ညမ်းမှုတွေဖြစ်နေသလို မိုးတွင်းရေတက်လာရင် ဆာရာနိုက်အက်ဆစ်ကန်တွေထဲက အက်ဆစ်တွေနဲ့ ပြဒါးဆိပ်တွေ ဧရာဝတီမြစ်ထဲကို ဝင်ရောက်လာနိုင်တဲ့ အန္တရာယ်တွေနဲ့လည်း မြို့နေလူထု တောနေလူထုအားလုံး ရင်ဆိုင်နေကြရပါတယ်။

ဆိုင်ရာနိုက်အက်ဆစ်ဆိုတာပြည်သူကြားမှာလည်ဖြတ်ဆေးလို့ခေါ်တဲ့ အဆိပ်အက်ဆစ်တစ်မျိုးပါ။ အဲဒီအက်ဆစ်လူတွေရဲ့ ပါးစပ်ထဲဝင်သွားတဲ့အခါ လည်ချောင်းမကျော်ခင်မှာတင် အသက်သေဆုံးတတ်လို့ အဲလိုခေါ်ကြတာပါ။

နောက်ပြီး ပြောချင်တာက ဆာရာနိုက်အက်ဆစ် အသုံးပြုပြီး ရွှေကျင်ထားတာကြောင့် ဖွန့်ပစ်မြေစာ သဲစာတွေထဲမှာ ရွှေဆိုလို့ ရွှေဆိုင်းမှုံ့အရွယ်အစားလောက်တောင် မကျန်ခဲ့တော့ပါဘူး။

ဒီနေရာမှာ ထပ်ပြီးပြောချင်တာတစ်ခုက ဧရာဝတီမြစ်ဝှမ်းထဲမှာ ရွှေတူးဖော်နေတဲ့နေရာတွေက ဒါတင်ပဲမဟုတ်ပါဘူး။ မြန်မာပြည်အရှေ့မြောက်ဖက်မှာရှိတဲ့ ချီဖွေမြို့အနီးတဝိုက်က မေခမြစ်ဝှမ်းထဲမှာရှိတဲ့ ငါးဆယ့်ကိုးမိုင်၊ လောခေါင်ဒေသ၊ အင်ဂျန်း





ယန်၊ နောင်းချိန်း၊ လဘန်က ထောင်ရွှေမှော်တွေမှာ ဆိုရင်လည်း တရားလွန်အောင် တူးနေဖော်နေကြတာပါပဲ။ ရောဝတီမြစ်ရေတွေ ခုချိန်ထိ နောက်ကျိညစ်ထေးနေဆဲ ဖြစ်နေရတာကလည်း ဒီဒေသတွေမှာ ရွှေတူးဖော်နေတာကြောင့်မို့ ဆိုတာ ငြင်းလို့မရပါဘူး။ ဒီနေရာဒေသတွေကတော့ နိုင်ငံတော်အစိုးရ ထိန်းချုပ်ဖို့ လက်လှမ်းမမီနိုင်သေးတဲ့နေရာတွေ ဖြစ်တယ်လို့ ဆိုရမှာပါ။ ဆိုတော့ ပြည်သူလူထု အကျိုးကို လိုလားတဲ့ လက်နက်ကိုင်အဖွဲ့အစည်းဆိုတာ ဘယ်အဖွဲ့အစည်းလဲလို့ မေးခွန်းထုတ်စရာ ဖြစ်နေပါတယ်။ နောက်ပြီး အခုလို မေခ၊ မေလိခနဲ့ ဧရာဝတီမြစ်ဝှမ်းထဲမှာ တရားလွန်အောင် ရွှေတူးဖော်နေကြတာကို ဘယ်ပြည်သူလူထုကမှ လက်မခံဘူးဆိုတာကို အသေ



အချာ သတိချပ်စေချင်ပါတယ်။

ဒီတော့ တိုင်းပြည်လူထု တစ်ရပ်လုံးအတွက် ဘယ်သူသေသေ ငတေမာရင်ပြီးရော လုပ်ရပ်နဲ့ စီးပွားရှာနေကြတဲ့ မတော်လောဘသမားတွေကို နိုင်ငံတော်အစိုးအရအနေနဲ့ ထိထိရောက်ရောက် အရေးယူဆောင်ရွက်ပေးသင့်သလို တောင်တန်းသားလက်နက်ကိုင်တွေဘက်လည်း တိုင်းပြည်ရဲ့သယံဇာတရင်းမြစ်တွေနဲ့ရေမြေတောတောင်သဘာဝပတ်ဝန်းကျင်ကြီးကို အရှုပ်ဆိုးအကျည်းတန်အောင် ထိခိုက်စေတဲ့ စီးပွားရှာမှုတွေကို လစ်လျူမရှုသင့်ကြောင်း တင်ပြလိုက်ရပါတယ်။

မြတ်သွေးထက်

# Mister Myanmar Beauty Paradise 2018 သို့ ပြိုင်ပွဲအတွက် ကချင်ပြည်နယ်ကိုယ်စားပြုအဖြစ် Mister ၇ ဦးကို ရွေးချယ်




ဓါတ်ပုံ - Pawm Mung San

မတ် ၈

Mister Myanmar Beauty Paradise 2018 သို့ ပြိုင်ပွဲဝင်ရန်အတွက် ကချင်ပြည်နယ်ကိုယ်စားပြု Mister များအဖြစ် ဆောင်ယိန်း၊ မျိုးဆက်သစ်၊ နော်ဆန်း၊ ဂျွန်လေး၊ ယော်ထုံ၊ အမ်ဒေးပစ်နှင့် မင်းသဏ္ဌတို့ကို ရွေးချယ်ခဲ့ကြောင်း သိရသည်။

အဆိုပါ Mister ၇ ဦးကို မတ်လ ၈ ရက်က အောင်နန်း RC ဘုရားကျောင်းတွင် မီဒီယာများနှင့် တွေ့ဆုံမိတ်ဆက်ပေးခဲ့ပြီး ၎င်းတို့သည်မတ်လ ၁၀ ရက်တွင် ရန်ကုန်မြို့သို့ သွားရောက်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း Mister Myanmar Beauty Paradise မှ တာဝန်ရှိသူ လယောက်လွမ်းဒေါင်က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"ပြိုင်ပွဲဝင်တွေက စခန်းသွင်းလေ့ကျင့်ပေးတဲ့ ကာလတစ်လျှောက်မှာပြိုင်ပွဲအတွက်ပဲ အာရုံစိုက်ထားဖို့လိုတယ်။ သူတို့အတွက် လိုအပ်တာတွေကို အစစအရာရာ ကျွန်တော်တို့ တာဝန်ရှိသူတွေအားလုံး စီစဉ်ပေးထားပါတယ်။ ပြိုင်ပွဲဝင်တွေလည်း အကောင်းဆုံးဖြစ်အောင်ကြိုးစားယှဉ်ပြိုင်ကြပါ။ ကြိုးစားသူတွေအတွက် အခွင့်အရေးတွေ အများကြီးရှိပါတယ်"ဟု လယောက်လွမ်းဒေါင်က ပြောသည်။

ကချင်ပြည်နယ်ကိုယ်စားပြု Mister အဖြစ် သွားရောက်ယှဉ်ပြိုင်မည့် ဆောင်ယိန်းက မြန်မာနိုင်ငံ ဂုဏ်ဆောင်နိုင်သော Mister တစ်ဦးဖြစ်သည်အထိ ယှဉ်ပြိုင်သွားမည်ဟု မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"ပြိုင်ပွဲတစ်လျှောက်မှာ အရမ်း ကြိုးစားသွားပါ့မယ်။ ကချင်ပြည်နယ်ကိုယ်စားပြုဆိုတဲ့အတွက်ကြောင့် ပိုပြီးကြိုးစားဖို့လိုနေပါပြီ။ အခုလိုပြိုင်ပွဲတွေရှိလို့လည်း ကျွန်တော်တို့လို လူငယ်တွေအတွက် အခွင့်အရေးတွေ ရှိလာတယ်လို့ မြင်ပါတယ်"ဟု ဆောင်ယိန်းက ပြောသည်။

Mister Myanmar Beauty Paradise 2018 Grand Final ပွဲကို မတ်လ ၂၉ ရက်နေ့တွင် ရန်ကုန်မြို့၌ ကျင်းပသွားမည်ဖြစ်ပြီး ရန်ကုန်မြို့ကိုယ်စားပြုအဖြစ် Mister ၂၀ ဦး၊ မန္တလေးကိုယ်စားပြုအဖြစ် Mister ၁၀ ဦးနှင့် ကချင်ပြည်နယ်ကိုယ်စားပြု အဖြစ် Mister ၇ ဦးတို့က ယှဉ်ပြိုင်သွားမည်ဖြစ်ကာ ၎င်းတို့အနက်မှ ၅ ဦးကို Mister Myanmar Beauty Paradise 2018 ပြည်ပပြိုင်ပွဲများသို့ သွားရောက်ယှဉ်ပြိုင်ရန် ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၇ ခုနှစ်တွင် Myanmar Beauty Paradise က ပြုလုပ်ခဲ့သည့် Man Of The Year Myanmar 2017 Mister ရွေးချယ်ပွဲတွင် မြစ်ကြီးနားမြို့မှ မုန်အောင်က Man Of The Year Myanmar 2017 အဖြစ် အနိုင်ရရှိခဲ့ပြီး ၎င်းသည် အင်ဒိုနီးရှားနိုင်ငံသို့ မြန်မာနိုင်ငံကိုယ်စားပြု Mister အဖြစ် သွားရောက်ယှဉ်ပြိုင်ခဲ့ရာ Manly Award ဆုကို ရရှိခဲ့သည်။

ဆိုင်းထွယ်ဇင်

## Manaw Empire Public Co.Ltd မှ အောက်ပါဝန်ထမ်းများ အလိုရှိသည်

- အမှတ်စဉ်(၁) - ရေသန့်စက်ရုံမန်နေဂျာ ကျား (၁)ဦး၊ လစာ (၂၀၀၀၀၀-၅၀၀၀၀၀) အတွင်း (အသက် ၂၅ နှစ်အထက် ဘွဲ့ရဖြစ်ပြီး ရေသန့်လုပ်ငန်းနှင့် စက်ရုံလုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်)။
- အမှတ်စဉ်(၂) - Accounting မ (၂)ဦး၊ လစာ (၂၀၀၀၀၀-၄၀၀၀၀၀) အတွင်း (LCCI Level-2 နှင့်အထက်၊ Computer Accounting အတွေ့အကြုံရှိသူ၊ ဒေသခံဖြစ်သူနှင့် လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။
- အမှတ်စဉ်(၃) - စာရေးမ (၂)ဦး၊ လစာ (၁၀၀၀၀၀-၂၅၀၀၀၀) အတွင်း အထက်တန်းအောင်မြင်သူ၊ လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။
- အမှတ်စဉ်(၄) - လျှပ်စစ်လုပ်သား ကျား (၃)ဦး၊ လစာ (၁၅၀၀၀၀-၃၀၀၀၀၀) အတွင်း အထက်တန်းအောင်မြင်သူ၊ လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။
- အမှတ်စဉ် (၅) - စက်ရုံလုပ်သား ကျား (၈)ဦး၊ မ (၂၀)ဦး လစာ (၆၀၀၀၀-၂၀၀၀၀၀)အတွင်း (စက်ရုံအတွင်း နေထိုင်သူဖြစ်ရမည်)။
- အမှတ်စဉ် (၆) - ဖြန့်ဖြူးရေးလုပ်သား ကျား (၆)ဦး၊ လစာ (၈၀၀၀၀-၂၀၀၀၀၀) အတွင်း ဒေသခံဦးစားပေးမည်။
- အမှတ်စဉ် (၇) - စက်ရုံလုံခြုံရေးဝန်ထမ်း ကျား (၁)ဦး၊ လစာ (၂၀၀၀၀၀-၃၀၀၀၀၀) အတွင်း အသက် (၄၀)နှစ်နှင့်အထက်ဖြစ်၍ ကျန်းမာသန်စွမ်းပြီး ကိုယ်ခံပညာတတ်ကျွမ်းသူ ဦးစားပေးမည်။
- အမှတ်စဉ် (၈) - ယာဉ်မောင်းကျွမ်းကျင်သူ ကျား (၂)ဦး၊ လစာ (၁၅၀၀၀၀-၃၀၀၀၀၀) အတွင်း ယာဉ်မောင်းလိုင်စင်ရှိပြီး ကားကြီးအတွေ့အကြုံရှိရမည်။
- အမှတ်စဉ် (၉) - စားဖိုဆောင်အမျိုးသမီး (၂)ဦး၊ လစာ (၆၀၀၀၀-၂၀၀၀၀၀)။

အထက်ပါအမှတ်စဉ် (၁) နှင့် (၇)မှလွဲ၍ ကျန်အမှတ်စဉ်အတွက် အိမ်ထောင်မရှိ လူလွတ်ဖြစ်ရမည်။
အမှတ်စဉ် (၁)၊ (၄)၊ (၅)၊ (၇)၊ (၈) နှင့် (၉)တို့သည် စက်ရုံအတွင်း နေထိုင်သူဖြစ်ရမည်။
နေစားစရိတ်စီစဉ်ပေးမည်။
အမှတ်စဉ် (၁)၊ (၂) နှင့် (၄) အတွက် (၂၆.၂.၂၀၁၈) နောက်ဆုံးထားလျှောက်ထားရန်။
ကျန်အမှတ်စဉ်များအတွက် (၂၆.၃.၂၀၁၈) နောက်ဆုံးလျှောက်ထားနိုင်ပါသည်။

**လျှောက်လွှာများကို ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။**

နေရာ - ယုဇနရေးအနောက်ဘက်၊ အမှတ် (၂၆)၊ မြေမြင့်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်။
ဖုန်း - ၀၉၂၆၂၀၂၇၀၈၈, ၀၉၇၇၃၃၃၃၉၀၀
အသေးစိတ်စုံစမ်းရန် - ၀၉၄၀၁၅၃၅၀၁၄/ Email; manawempire@gmail.com

# ကချင်နှင့်ရှမ်းပြည်နယ်မှ စစ်ရှောင်များနှင့် သဘာဝဘေးကြုံနေရသူများကို ကူညီနိုင်ရန် ရန်ကုန်တွင် FASHION SHOW ပြုလုပ်မည်

မတ် ၁၀

ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တွင်ရှိသော စစ်ရှောင်များနှင့် သဘာဝဘေးကြုံတွေ့နေရသူများကို ကူညီလှူဒါန်းနိုင်ရန် ONE1NESS CHARITY KACHIN FASHION SHOW ကို ရန်ကုန်မြို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဖက်ရှင်ရှိုးပွဲကို မနောအလှ အနုပညာရှင်များ ပရဟိတအဖွဲ့က ဦးစီးကျင်းပခြင်းဖြစ်ပြီး ထိုပွဲကို မတ်လ ၂၅ ရက်ညနေ ၆ နာရီတွင် တော်ဝင်ဂါးဒင်းဟိုတယ်၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုပွဲတွင် ကချင်ဒီဇိုင်နာများဖြစ်ကြသော Y Stone (Yaw Bawm), Lazing Gam Htoi, Seng Lat(Maka), Zaw Seng (Man Made), G Htu Aung (GHD), Ah Put, Ah Lat Lumyang, Mr.Jet(Laiza) တို့ ဖန်တီးထားသော ဖက်ရှင်ဒီဇိုင်းများကို နိုင်ငံကျော်သရုပ်ဆောင်များနှင့် မော်ဒယ်လ်များက ဝတ်ဆင်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

"အခုလို အကူအညီအမှန်တကယ်လိုအပ်နေတဲ့ ညီအစ်ကိုတွေအတွက် ရန်ပုံငွေဖက်ရှင်ရှိုးမှာ ပါဝင်ခွင့်ရလို့ အရမ်းဂုဏ်ယူဝမ်းသာပါတယ်။ အခုလို ကျွန်တော်တတ်တဲ့ ပညာလေးနဲ့ ခက်ခဲနေတဲ့ တစ်ပါးသူတွေအတွက် တစ်ထောင့်တစ်နေရာမှာ လှူဒါန်းခွင့်ရလို့ ပီတိလည်းဖြစ်ပါတယ်။ ဒီပွဲမှာ ကျွန်တော်ဖန်တီးထားတဲ့ ဝတ်စုံ ၁၄ စုံကို ပြသသွားပါ့မယ်"ဟု ဒီဇိုင်နာ Zaw Seng (Man Made) က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

ထိုဖက်ရှင်ရှိုးပွဲတွင် ကချင်တိုင်းရင်းသား တေးသံရှင်များအပြင် အခြားနိုင်ငံကျော်နာမည်ကြီး အဆိုတော်များ၏သီဆိုဖျော်ဖြေမှုများကိုလည်းထည့်သွင်းသွားမည်ဖြစ်ကြောင်း သိရသည်။

မနောအလှအဖွဲ့က ဦးစီးကျင်းပသည့် အဆိုပါ ONE1NESS CHARITY KACHIN FASHION SHOW အတွက် လက်မှတ်ဈေးနှုန်းများကို ကျပ်နှစ်သောင်း၊ တစ်သောင်းဟု သတ်မှတ်ထားပြီး၊ ငွေကျပ်တစ်သိန်းနှင့်အထက် အလှူငွေထည့်ဝင်သူများအနေဖြင့် VIP လက်မှတ်ရရှိမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဖက်ရှင်ရှိုးပွဲလက်မှတ်များကို ကချင်ဒီဇိုင်နာများနှင့် မနောအလှအဖွဲ့ထံ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

ဆိုင်းထွယ်ဇင်







# Mrs. Union Of Phakant 2018 သရဖူလွှဲပြောင်းမှု ဖြစ်ပေါ်

မတ် ၁၀

Mrs Union Of Phakant 2018 အိမ်ထောင်ရှင်အလှမယ်ပြိုင်ပွဲတွင် အနိုင်ရရှိခဲ့သော အလှမယ် ဂျာဆိုင်းခေါန်သည် Grand Final ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်နိုင်ခြင်း မရှိတော့သည့်အတွက် 1st Runner up ဆု ရရှိခဲ့သည့် အလှမယ် ဇင်မာအောင်အား သူမ၏သရဖူကိုလွှဲပြောင်းပေးခဲ့ရကြောင်း သိရသည်။

"အလှမယ် ဇင်မာအောင်ကို Mrs Union Of Phakant 2018 အနေနဲ့ ဖားကန့်ကိုယ်စားပြုပြီး ထပ်မံကြိုးစားသွားပါမယ်။ ကျွန်မတို့ဘက်ကလည်း သူ့ပွဲအတွက် လိုအပ်သမျှ အားလုံးအဆင်ပြေစွာနဲ့ ပြိုင်ပွဲဝင်နိုင်အောင် ထောက်ပံ့ပေးသွားပါ့မယ်" ဟု City Director ဇဟဲလွမ်းနော က မြစ်ကြီးနားသတင်းဂျာနယ်သို့ပြောသည်။

အလှမယ် ဇင်မာအောင်သည် ရန်ကုန်မြို့တွင် မေလအတွင်း ကျင်းပမည့် Mrs Union Of Myanmar 2018 Grand Final ပွဲသို့ ဖားကန့်ကိုယ်စားပြုအလှမယ်အဖြစ် သွားရောက်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ယခုအချိန်တွင် ပြိုင်ပွဲအတွက် လိုအပ်သည်များကို လေ့ကျင့်နေပြီဖြစ်ကြောင်း သိရသည်။

"ကျွန်မ လေ့ကျင့်ခန်းတွေ လေ့ကျင့်နေတယ်။ ပြိုင်ပွဲအတွက် ပဟုသုတဖြစ်မယ့်အရာတွေ လေ့လာနေပါတယ်။ အမျိုးသမီးတွေဟာ အိမ်ထောင်ရှင်ဖြစ်ပြီဆိုပြီး အပျိုတုန်းကလို လှပပြီးမနေသင့်တော့တဲ့သူတွေ မဟုတ်ပါဘူး။ အချိန်တိုင်း လှပနေသင့်ပါတယ်"ဟု အလှမယ်ဇင်မာအောင်က ပြောသည်။

Mrs Union Of Phakant 2018 အလှမယ်ပြိုင်ပွဲကို ဖားကန့်မြို့နယ်ရှိ မင်္ဂလာမဏ်ဍပ်ဧည့်ခန်းမဆောင်တွင် ဖေဖော်ဝါရီလ ၂၀ ရက်က ကျင်းပခဲ့ပြီး ထိုပွဲတွင် Mrs Union Of Phakant 2018 Winner ဆုကို မဂျာဆိုင်းခေါန်၊ 1st Runner Up ဆုကို အလှမယ် ဇင်မာအောင်၊ 2nd Runner Up ဆု အလှမယ်ဂျာဆိုင်းအောင် နှင့် 3rd Runner Up ဆုကို အလှမယ်နုနုဝင်းအပြင် 4th Runner Up ဆုကို အလှမယ်ထွယ်အောင်တို့က ရရှိခဲ့ကြကြောင်း သိရသည်။

ထို့အပြင် People Choice Award ကို အလှမယ်လှလှဝင်း၊ The Best Catwalk ကို အလှမယ်ခေါ်နုဇီဆားရဲ၊ Personality Award ကို အလှမယ် ဝခေါ်ဆိုင်းနန်၊ The Best Hair Beautiful Award ကိုမဂျာဆိုင်းမိုင်နှင့် The Best Confidence Award ကို အလှမယ် ရှိစီဂျာဆိုင်းငိုင် အပြင် The Best Talent Award ကို အလှမယ်ဆိုင်းလုံတို့က ရရှိခဲ့ကြသည်။

ဆိုင်းထွယ်ဇင်



# စတုတ်စီးတီးအသင်း၏ ဂိုးသမားဂျက်ဘတ်လန်းအား ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန် လီဗာပူးအသင်း ပြင်ဆင်နေကြောင်း သိရ



ပရီးမီးယားလိဂ်ကလပ်လီဗာပူးအသင်းသည် စတုတ်စီးတီးအသင်းမှ အင်္ဂလန်လက်ရွေးစင်ဂိုးသမားတစ်ဦးဖြစ်သူ ဂျက်ဘတ်လန်းအား ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန်ပြင်ဆင်နေကြောင်း သိရသည်။

လီဗာပူးအသင်းသည် အားနည်းနေသော ဂိုးသမားနေရာအတွက် အားဖြည့်နိုင်ရန် ပြင်ဆင်ကြိုးပမ်းနေပြီး ဘတ်လန်းအား ပေါင်သန်း ၄၀ ခန့်အသုံးပြုကာခေါ်ယူရန်ပြင်ဆင်နေကြောင်း ပြေမသမ သတင်းစာက ဖော်ပြခဲ့သည်။ အကယ်၍ ဘတ်လန်းအား အဆိုပါပြောင်းရွှေ့ကြေးပမာဏဖြင့် သာ ခေါ်ယူနိုင်ခဲ့ပါက လက်ရှိကမ္ဘာ့စံချိန်တင်ထားသော မန်စီးတီးအသင်းဂိုးသမား အီဒါဆန်၏ ပေါင် ၃၅ သန်းစံချိန်ကို ကျော်ဖြတ်သွားမည်ဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် ဘတ်လန်းအားခေါ်ယူနိုင်ရန် ပရီးမီးယားလိဂ်အသင်းကြီးများအပါအဝင် ဥရောပအသင်းများစွာက ခေါ်ယူရန် မျက်စိကျနေကြောင်းလည်းသိရသည်။

# ဟာရီကိန်း၏ ခြေကျင်းဝတ်ဒဏ်ရာမပြင်းထန်စေရန် မျှော်လင့်မိသည်ဟု စပါးနည်းပြပိုချက်တီနို ဖွင့်ဟပြောဆို



ပရီးမီးယားလိဂ်ကလပ်တော့တင်ဟမ်ဟော့စပါးအသင်း၏နည်းပြဖြစ်သူ ပိုချက်တီနိုက တိုက်စစ်မှူးဟာရီကိန်း၏ဒဏ်ရာမပြင်းထန်စေရန် သူ့အနေဖြင့် မျှော်လင့်မိသည်ဟု ဖွင့်ဟပြောဆိုခဲ့သည်။

ပြီးခဲ့သည့် ပရီးမီးယားလိဂ်ပြိုင်ပွဲပွဲစဉ် ၃၀ တွင် ဘုန်းမောက်သင်းနှင့် စပါးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ စပါးအသင်းက အဝေးကွင်းတွင် (၁-၄)ဂိုးဖြင့် ဂိုးပြတ်အနိုင်ရခဲ့သည်။ အဆိုပါပွဲစဉ်တွင် စပါးတိုက်စစ်မှူး ဟာရီကိန်းသည် ပွဲချိန် ၃၀ မိနစ်၌ ဘုန်းမောက်အသင်း၏ ဂိုးသမား ဘီဂိုဗစ်နှင့် ထိခိုက်မိ၍ ခြေကျင်းဝတ်ဒဏ်ရာရရှိခဲ့သည်။ နည်းပြ ပိုချက်တီနိုက "ဟာရီကိန်းရဲ့ ဒဏ်ရာက စိုးရိမ်စရာပါ။ ဘယ်လောက်ထိ ပြင်းထန်မယ်ဆိုတာ ခန့်မှန်းရခက်ပါတယ်။ ဘယ်လောက်အထိ ပြင်းထန်မယ်ဆိုတာ ခန့်မှန်းရခက်ပါတယ်။ ဒဏ်ရာမပြင်းထန်ဘဲ အမြန်ဆုံးပြန်ကစားနိုင်ဖို့ကိုပဲ မျှော်လင့်မိပါတယ်"ဟု ပြောကြားခဲ့သည်။

# ဒီဂီယာအား ခေါ်ယူနိုင်ရန် မျှော်လင့်နေခြင်းကို မေ့ပစ်လိုက်ရန် ရီးရဲမက်ဒရစ်အသင်းအား မော်ရင်ဟိုသတိပေးပြောဆို



မန်ယူအသင်းနည်းပြဖြစ်သူ မော်ရင်ဟိုက ရီးရဲလ်မက်ဒရစ်အသင်းအနေဖြင့် မန်ယူဂိုးသမားဒီဂီယာအား ခေါ်ယူနိုင်လိမ့်မည်ဟု မျှော်လင့်နေခြင်းကို မေ့ပစ်လိုက်သင့်သည်ဟု ပြီးခဲ့သည့်အင်္ဂါနေ့က သတိပေးပြောဆိုလိုက်သည်။

စပိန်ထိပ်သီးကလပ်ရီးရဲလ်မက်ဒရစ်အသင်းသည် မန်ယူအသင်းမှ စပိန်လက်ရွေးစင်ဂိုးသမားဒီဂီယာအား ပြီးခဲ့သည့် ၂၀၁၅ ခုနှစ် နွေရာသီကတည်းက ခေါ်ယူရန်ကြိုးပမ်းနေခဲ့ပြီး လာမည့်နွေရာသီအပြောင်းအရွှေ့ကာလတွင်လည်း ထပ်မံကမ်းလှမ်းမည်ဟု သတင်းများထွက်ပေါ်လျက်ရှိသည်။ သတင်းသမားများနှင့် တွေ့ဆုံရာတွင် မော်ရင်ဟိုက "ကျွန်တော်ကတော့ သူ(ဒီဂီယာ) ဒီမှာပဲဆက်ရှိနေလိမ့်မယ်လို့ ထင်ပါတယ်။ ရီးရဲလ်က သူ့ကိုဘယ်လောက်တောင်လိုချင်နေလဲကျွန်တော်မသိပါဘူး။ ဒါပေမဲ့ သူတို့နေရာမှာ ကျွန်တော်ဆိုရင်တော့ တခြားတစ်ယောက်ကို ပြောင်းပြီးစဉ်းစားနေလောက်ပါပြီ"ဟု ပြောကြားခဲ့သည်။

# We Are One Cup 2018 ဘောလုံးပြိုင်ပွဲကြီးကို မြို့ကြီး ၈ မြို့တွင် ကျင်းပသွားမည်

မတ်လ ၁၃

We Are One Cup 2018 ဘောလုံးပြိုင်ပွဲကြီးကို မြစ်ကြီးနားမြို့အပါအဝင် မြို့ကြီး ၈ မြို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုဘောလုံးပြိုင်ပွဲကြီးကို အထက်မြန်မာပြည် မန္တလေး၊ တောင်ကြီး၊ လားရှိုး၊ မြစ်ကြီးနားနှင့် အောက်မြန်မာပြည်ရှိ ရန်ကုန်၊ မော်လမြိုင်၊ ပုသိမ်နှင့် မကွေးမြို့တို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုပြိုင်ပွဲကို မြစ်ကြီးနားမြို့တွင် ဇွန်လ ပထမအပတ်အတွင်း စတင်ကျင်းပရန် စီစဉ်ထားသည်ဟု မြန်မာနေရှင်နယ်လိဂ် ဗိုင်လူကြီးဟောင်းဦးသူရိန်စိုးက ပြောသည်။

အဆိုပါပြိုင်ပွဲအတွက် ဝင်ခွင့်လျှောက်လွှာများကို မတ်လ ၃၀ ရက် နောက်ဆုံးထား၍ ပေးပို့ရန် သတ်မှတ်ထားသော်လည်း မြစ်ကြီးနားမြို့တွင်မူ ဧပြီလ ၁၅ ရက်အထိ လျှောက်လွှာများ လက်ခံသွားမည်ဟု ဦးသူရိန်စိုးက ဆက်လက်ပြောသည်။

We Are One Cup 2018 ဘောလုံးပြိုင်ပွဲကြီးအတွက်ဝင်ကြေးကို အခမဲ့ သတ်မှတ်ထားသော်လည်း အနီ/အဝါ ကြေးအနေဖြင့် ငွေကျပ် ၁ သိန်း၅ သောင်းပေးဆောင်ကာ ဝါသနာရှင် မည်သည့်ကလပ်အသင်းမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ထိုပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် မြစ်ကြီးနားမြို့အတွက် လာရောက်စာရင်းပေးသွင်းထားသူမှာ မတ်လ ၁၃ ရက်အထိ ၁၉ ဦးရှိကြောင်း၊ ထိုပြိုင်ပွဲတွင် ယှဉ်ပြိုင်ရန် အသင်း ၃၂ သင်းအထိ လက်ခံသွားမည်ဖြစ်ကြောင်း ဦးသူရိန်စိုး၏ ပြောကြားချက်အရ သိရသည်။

ပြိုင်ပွဲစည်းကမ်းများအနေဖြင့် Professional ကစားသမားဖြစ်သည့် မြန်မာနေရှင်နယ်လိဂ် ၁၊ ၂ နှင့် မြန်မာ့လက်ရွေးစင် ကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ခွင့်မပြုခြင်း၊ MFF ဖူဆယ်လိဂ်တွင် မှတ်ပုံတင်ထားသူ မဖြစ်စေရခြင်းနှင့် အသင်းတစ်သင်းတွင် အသက် ၁၈ နှစ် မှ အသက် ၂၄ နှစ်အတွင်း ကစားသမားအနည်းဆုံး ၅ ဦး ပါဝင်ရမည်ဟု သတ်မှတ်ထားကြောင်း သိရသည်။

"ကစားသမားတွေကို အသက်ကန့်သတ်တာ ပြည်နယ်နဲ့တိုင်း သတ်မှတ်တာတွေ နေရှင်နယ်လိဂ်တွေ လက်ရွေးစင်တွေ သတ်မှတ်ချက်တွေကြားမှာပိနေတဲ့ ကစားသမားကောင်းတွေ အများကြီးရှိတယ်။ အခုက အသက် အကန့်အသတ် လုံးဝမရှိဘူး။ နေရှင်နယ်လိဂ်မှာကစားဖူးတဲ့ကစားသမားတွေကလွဲလို့ ဘယ်ကစားသမားမဆို လက်ခံပေးတယ်"ဟု ဦးသူရိန်စိုးက ပြောသည်။

ဆုကြေးငွေအဖြစ် ချန်ပီယံဆု ငွေကျပ်သိန်း (၅၀)၊ ဒုတိယဆုအတွက် သိန်း ၃၀၊ တတိယဆုအတွက် ၁၉ သိန်း၊ စတုတ္ထဆုအတွက် ၁၇ သိန်းနှင့် ပဉ္စမဆုမှ အဌမဆုအထိ ငွေကျပ် ၁၅ သိန်း စီ အသီးသီး ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် မြန်မာ့ဘောလုံးအားကစား ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြန်မာဘီယာက အနိုင်ရမြို့များ၏ ဘောလုံးအဖွဲ့ချုပ်များနှင့် ကော်မတီများထံသို့ ချန်ပီယံအသင်းမြို့အတွက် ၂၅သိန်း၊ ဒုတိယ သိန်း ၂၀၊ တတိယ ၁၇ သိန်း၊ စတုတ္ထ ၁၃ သိန်း၊ ပဉ္စမမှ အဌမမြို့များအတွက် ၁၀ သိန်းစီ စသည်ဖြင့်ထောက်ပံ့ လှူဒါန်းသွားမည်ဖြစ်ကြောင်း we are one cup လူမှုကွန်ယက်စာမျက်နှာတွင် ဖော်ပြထားသည်။

ပြိုင်ပွဲကို မြစ်ကြီးနားမြို့ရှိ ပြည်နယ်အားကစားကွင်းတွင် ၃၂ သင်း အုပ်စုခွဲ၍ မနက်ပိုင်းနှင့် ညနေပိုင်းခွဲပြီး တစ်နေ့လျှင် နှစ်ပွဲနှုန်းဖြင့် ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ We Are One Cup 2018 ဘောလုံးပြိုင်ပွဲကို ဘောလုံးဝါသနာရှင်များအတွက် မြန်မာဘီယာက အဓိက ကူညီပံ့ပိုးပေးထားကြောင်း သိရသည်။




Salai




# မြစ်ကြီးနားတွင် ပထမဆုံးအကြိမ်အဖြစ် လမ်းလျှောက်သင်္ကြန်ပွဲတော် ကျင်းပမည်

မတ် ၁၃

လာမည့် သင်္ကြန်ရက်များအတွင်း မြစ်ကြီးနားမြို့တွင် ပထမဦးဆုံးအကြိမ်အဖြစ် လမ်းလျှောက်သင်္ကြန်ပွဲကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

ထိုသို့ပြုလုပ်ရခြင်းမှာ ပြည်သူများဘေးအန္တရာယ်ကင်းရှင်းစေရန်နှင့် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်၏ယဉ်ကျေးမှု ထုံးတမ်းစဉ်လာကို သိရှိစေရန်အတွက်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီမှ အမှုဆောင်အရာရှိဒုတိယညွှန်ကြားရေးမှူး ဦးဝင်းနိုင်က ပြောသည်။

"တချို့တွေဆို ဆွဲလားရမ်းလားနဲ့ သိပ်အဆင်မပြေဘူး။ အန္တရာယ်လည်း ကင်းသွားမယ်။ မိသားစုလိုက်လည်း လည်လို့ရမယ်။ လူအများ အပန်းဖြေရင်းနဲ့ သင်္ကြန်ရဲ့အရသာကို မိရိုးဖလာကို ပြန်သတိရစေဖို့ ဖြစ်တယ်"ဟု ဦးဝင်းနိုင်က ရှင်းပြသည်။

ယင်းလမ်းလျှောက်သင်္ကြန်ကို မဟာသင်္ကြန်အကြိုနေ့မှစတင်ပြီး မဟာသင်္ကြန်အကြတ်နေ့အထိ ပြုလုပ်သွားမည်ဖြစ်ကာ လမ်းတစ်လျှောက်တွင် ရေပက်မဏ္ဍပ်များ ပြုလုပ်ပေးသွားမည့်အပြင် စတုဒိသာကျွေးမွေးခြင်းကိုလည်း စီစဉ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ရေပိုက်တွေနဲ့ ပက်တာထက် ရေခွက်ကလေးတွေနဲ့လောင်းတာက သက်သာတယ်လေ။ မျက်နှာတွေလည်း အပက်မခံရတော့ဘူး။ ပြည်နယ်အစိုးရရဲ့မူဝါဒအတိုင်း လုပ်ဆောင်သွားမှာပါ"ဟု ဦးဝင်းနိုင်က ဆက်လက်ပြောသည်။

ထိုလမ်းလျှောက်သင်္ကြန်ကို မြစ်ကြီးနားမြို့၊ မြို့မရပ်ကွက်ရှိ ကမ်းနားလမ်း(ဇော်ဂျွန်းလမ်း) တစ်လျှောက်တွင် ပြုလုပ်သွားမည်ဖြစ်ကာ ထိုလမ်းကြောင်းအတွင်း ယာဉ်ဝင်ခွင့်များ ပိတ်ပင်ထားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ လမ်းလျှောက်သင်္ကြန်ကို ယမန်နှစ်က မန္တလေး၊ ရန်ကုန်၊ ပုသိမ်နှင့် လားရှိုးမြို့များတွင် ကျင်းပကြသည်။

ယခုနှစ်သင်္ကြန်ကို ဧပြီလ ၁၃ ရက်နေ့မှ ၁၆ ရက်နေ့အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

စည်သူ(မြစ်ကြီးနား)



